မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆင္ဒအကြိမ်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆင္ဒအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆင္ဒအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ (၄၇)ပါးစုံညီ ဆင္ဒအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ (၄၇)ပါးစုံညီ ဆင္ဒအစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရအမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ

စာမျက်နှာ ၃ ကော်လံ ၃ ●

ကော့သောင်းမြို့ မြို့မရပ်ကွက်၏ တိုးတက်ဖွံ့ဖြိုးမှုကို ငါးသုံးလုံးတောင်ထိပ်ရှုခင်းသာမှ ဤသို့တွေ့ရသည်။
ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရော်ဘာ၊ ဆီအုန်း၊ ရေလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံတောင်ဘက်စွန်းမှ ကော့သောင်းမြို့၏ မြင်ကွင်းအလှ

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်

ကော့သောင်း နိုဝင်ဘာ ၂၂ (ဖက်စ်)

တနင်္သာရီတိုင်း ကမ်းရိုးတန်း၏အထင်ကရ မြိတ်မြို့၏ မြင်ကွင်းပသာဒကို မကြာမီက မြင်တွေ့ခဲ့ရပြီဖြစ်သည်။ ရေလုပ်ငန်းများ၊ ရေထွက်ပစ္စည်း ပို့ကုန်လုပ်ငန်းများ၊ ဆီအုန်းနှင့် ရော်ဘာ စသည့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်လာသော တနင်္သာရီသားတို့၏ လူမှုစီးပွားဘဝအဖုံဖုံ မြင်ကွင်းစုံများက တိုးတက်ပြောင်းလဲလာမှုကို လှစ်ဟပြသနေသည်။

ကော့သောင်းသို့

ထိုမှတစ်ဖန် မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်းအတွင်း ခရိုင်တစ်ခုအဖြစ် ပါဝင်သည့် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းမြို့ဖြစ်သော ကော့သောင်းမြို့သို့ ခရီးဆက်ခဲ့ပြန်ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

23-11 (01).pmd 1 11/23/2008, 2:51 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက်)

အမျိုးသားရေး အင်အားစုကြီးအဖြစ် နိုင်ငံတော်အကျိုးစီးပွား ပြည်သူများနှင့် လက်တွဲကြိုးပမ်း

၁၉၉၃ခုနှစ် စက်တင်ဘာ ၁၅ရက်မှ စတင်ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် (၁၅)နှစ်ကျော် သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်လျက်ရှိပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးသည် ပြည်တွင်းရှိ စစ်မှန်သောအင်အားဖြစ်ကာ နိုင်ငံတော်အစိုးရပြည်သူနှင့် တပ်မတော်တို့ကသာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ပြည်တွင်းရေးဖြစ်သည်ဟု အသင်းကြီးကခံယူထားသည်။

တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော ဆူပူအကြမ်းဖက်မှုများသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ လျှောက်လှမ်းရာတွင် နှောင့်နှေးစေမည်ဖြစ်၍ အဖျက်လုပ်ရပ်မှန်သမျှအား အသင်းသားများက ကန့်ကွက်တားဆီးပြီး အပြုသဘောလုပ်ဆောင်မှုများကို လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်သည်။

အသင်းသားများအနေဖြင့် နိုင်ငံကိုချစ်မြတ်နိုးသူများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အခိုင်အမာတည်ဆောက်လိုသူများ၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသူများ၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လိုသူများဖြစ်ပြီး နိုင်ငံတော်၏အကျိုးစီးပွားကို ထမ်းရွက်ကြမည့် လူငယ်မောင်မယ်များ ဖြစ်ကြသည်။

နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် အခြားသော လူမှုရေးဆောင်ရွက်ချက်များတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မေလဆန်းက ဖြစ်ပေါ်ခဲ့သော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အသင်းဝင်လူငယ်များ သွားရောက်ကာ ကူညီဆောင်ရွက်ခဲ့ကြ၍ အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အသင်းကြီးသည် ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် မှန်ကန် လက်တွေ့ကျသောလမ်းစဉ်၊ စေတနာပါသော အကောင်အထည်ဖော်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့်အင်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့နှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို အခိုင်အခံ့တည်ဆောက်သွားမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာဆိုတော်နေ့အကြို လှိုင်ကော်၌ စာပေဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)ခေါင်းဆောင်ပြီး ဗဟိုအမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ဦးလှထွန်း(လှထွန်း၊တွံတေး)နှင့် ဦးမောင်မောင်ဦး(ဟိန်းလတ်)တို့သည် နိုဝင်ဘာ ၁၀ရက်မှ ၁၃ရက်အထိ ကယားပြည်နယ် လှိုင်ကော်မြို့သို့ သွားရောက်၍ လှိုင်ကော်မြို့ မြို့လယ်မဏ္ဍာရုံ၊ မြို့တော်ခန်းမနှင့် လှိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တို့၌ စာဆိုတော်နေ့အကြို ရေးသူ ဖတ်သူဆွေးနွေးပွဲနှင့် စာပေဟောပြောပွဲများ ကျင်းပခဲ့သည်။

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေရှင်များ ပူဇော်ကန်တော့ပွဲအတွက် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က ငွေကျပ်၃၇၃၅၀၀ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် အဖွဲ့ခေါင်းဆောင်ဦးမျိုးသန့်(မောင်ဆုရှင်)ထံသို့ နိုဝင်ဘာ၁၂ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း **ကြည်ကြည်နူးနူး ချစ်စိတ်ကူး**
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
- ၁၃:၅၀ ၅။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂၆)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၂၇)

ငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး လုပ်ငန်းစွမ်းဆောင်ရည်ဆု ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းများမှ တိုင်းဦးစီးဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ် မွေးမြူရေးစခန်း တာဝန်ခံများနှင့် ရေထွက်ပစ္စည်း အရည်အသွေးစစ်ဆေးရေးစခန်း တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဖြည့်စွက်ဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်ဆု၊ အားကစားနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၁ရက် နံနက် ၉နာရီက ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ငါးသယံဇာတထိန်းသိမ်းရေးဆုရရှိကြသည့် ကသာခရိုင်ဦးစီးအရာရှိ ဦးမြင့်စိုး၊ မော်လမြိုင်ခရိုင် ဦးစီးအရာရှိ ဦးသက်ဦးနှင့် ရွှေကူမြို့နယ် ဒုတိယဦးစီးမှူး ဦးသန်းအောင်မော်တို့အားဆုများချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် မြို့နယ်လုပ်ငန်းခွင် စွမ်းဆောင်ရည်ဆု လေးဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ငါးလုပ်ငန်းစခန်းများနှင့် ဌာနခွဲအလိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆုများ၊ အပြည်ပြည်ဆိုင်ရာ အားကစားထူးချွန်ဆုရဝန်ထမ်းများနှင့် ၂၀၀၇-၂၀၀၈ခုပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား တာဝန်ရှိသူများကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားနေ့အထိမ်းအမှတ် ဟောပြောပွဲ တောင်ဥက္ကလာပ အလက(၁)တွင် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

(၈၈)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလက(၁) တောင်ဥက္ကလာပတို့ ပူးပေါင်းဆောင်ရွက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို နိုဝင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီက အလက(၁) တောင်ဥက္ကလာပ ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းရက အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်က အမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် ရည်မှန်းချက်ထားအမြဲကြိုးစား ခေါင်းစဉ်တို့ဖြင့် ဟောပြောသည်။

ပြသထား

ဟောပြောပွဲအပြီးတွင် ကျောင်းသားကျောင်းသူလေးများက ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **သမ္မာဒိဋ္ဌိ(၅)မျိုး** တရားတော် (ဆရာတော်ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ)
- ၇:၅၅-၁:၅၅ Sunday Talk [ပါမောက္ခ ဒေါက်တာတင်စိုး၊ ဦးစိန်ဝင်းလှိုင် (အထွေထွေအတွင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၈:၅၅-၂:၅၅ ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
- ၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀-၃:၂၀ ကျန်းမာစေသောရေ (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၉:၅၀-၃:၅၀ ပျော်ရွှင်စရာ UTOPIA Tower
- ၁၀:၁၀-၄:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၅-၄:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀-၄:၂၀ သစ်သီးဝလံပေါပြည့်ဝေဆာ ဒို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
- ၁၀:၃၅-၄:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀-၄:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅-၄:၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (European Style Set Menu)
- ၁၁:၀၅-၅:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၁၅-၅:၁၅ 'အင်း' ငွေပန်းထိမ်ရဲ့ အငွေ့အသက်
- ၁၁:၃၅-၅:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀-၅:၄၀ Yangon Panorama (၂၀၀၉ခုနှစ် ဂျပန်နှင့်ကိုရီးယားခေတ်သစ်ဒီဇိုင်းပြပွဲ)
- ၁၁:၅၀-၅:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၅၅-၅:၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မြသက်မှု)
- ၁၂:၁၅-၆:၁၅ နားခိုစရာတောင်လှေကားမြို့မှာ
- ၁၂:၂၅-၆:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မဟော်သဓာ**
- ၁၂:၅၀-၆:၅၀ ကိုမောင်မြင့်တို့ပျော်နေပုံများ
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Tottenham-Blackburn	ESPN (Live)
၁၀:၂၅	Sunderland-West Ham	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Lazio-Genoa	5-Cartoons (Live)
၂:၀၀	Torino-AC Milan	5-Cartoons (Live)

ရွှေတောင် အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရွှေတောင် နိုဝင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အထက၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၆ရက် (နတ်တော်လဆန်း ၉ရက်) စနေနေ့ မွန်းလွဲ၂နာရီတွင် အထကရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေး ကျောင်းသား ကျောင်းသူဟောင်းများနှင့် ပူဇော်ကန်တော့ခံဆရာကြီးဆရာမကြီးများ မပျက်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားနိုးဆော်ထားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆဋ္ဌအကြိမ်မြောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဆဋ္ဌအစည်းအဝေးကျင်းပ သဘာပတိ၊ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ မြွက်ကြား

ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီဆဋ္ဌအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ၊ ဥက္ကဋ္ဌ မကွေးမြို့မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးသို့ အားပေးချီးမြှောက်ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

"ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေ"ဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကားလျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား မြတ်စွာဘုရားသည်-

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မော တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ တိ။ ပ။

ရဟန်းတို့ အကြင်ရဟန်းတို့သည် တရားစစ်တရားမှန်မဟုတ်သော အဓမ္မကို တရားစစ်တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း။

တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို တရားစစ်တရားမှန်မဟုတ်သော အဓမ္မဟုလည်းကောင်း။

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း။

ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယဟု လည်းကောင်း။

မြတ်စွာဘုရားမဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်ဟုလည်းကောင်း။

မြတ်စွာဘုရားဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟုလည်းကောင်း။

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်၏ဟုလည်းကောင်း။

မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်ဟုလည်းကောင်း။

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟုလည်းကောင်း။

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု လည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ စီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သည်မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေသည် မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည်မည်ကုန်၏ဟု ဟောတော်မူပါသည်ဘုရား။ (အံ၊ ၁၊ ၁၈-၁၉)

ဆရာတော်အရှင်မြတ်တို့ဘုရား။ ယခုသာသနာတော်နောက်ပိုင်း အချိန်အခါ၌ အဓမ္မကို ဓမ္မဟု ပြခြင်းစသည်ဖြင့် လူအများစီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်ကြကုန်သည်ဖြစ်၍ များစွာသော အကုသိုလ်ကို ဖြစ်ပွားစေကြကာ သာသနာတော်ကြီး ကွယ်ပျောက်အောင်ပြုလုပ်နေကြသည့် ရဟန်းသာမဏေများ ပေါ်ပေါက်နေကြသည်ကို ကြားသိကြရပါသည်ဘုရား။

အချို့ရဟန်းများကလည်း ထေရဝါဒဗုဒ္ဓသာသနာတော် မှေးမှိန် ကွယ်ပျောက်၍ မဟာယာနသာသနာဖြစ်ပေါ်အောင် လုပ်ဆောင်နေကြသည်ကိုလည်း ကြားသိနေရပါသည်ဘုရား။

ကြိုတင်ကာကွယ်

ဆရာတော် အရှင်မြတ်တို့ဘုရား၊ ဆိုခဲ့ပြီးသောအဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် နတ်လူအများစီးပွားချမ်းသာမဲ့အောင်၊ ဆင်းရဲအောင်၊ သာသနာတော်ကိုလည်း ကွယ်ပျောက်အောင်၊ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားနေသည့် မြန်မာနိုင်ငံတော်၌ မဟာယာနသာသနာပေါ်ပေါက်လာအောင် ပြုလုပ်နေကြသော သာသနပစ္စတ္ထိကသာသနာ့ရန်စွယ်ဖြစ်သော ရဟန်းသာမဏေများ အင်အားမကောင်းမီ ကြိုတင်၍ကာကွယ်ကြရန် လိုအပ်နေပြီဖြစ်ကြောင်းကို လျှောက်ထားပါသည်ဘုရား။

ထို့ပြင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟုဆုံးဖြတ်ခဲ့သော ဝါဒများကို ပြန်လည်ဟောပြောနေကြသည်ကိုလည်းကောင်း၊ အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးသော စာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေကြသည်ကိုလည်းကောင်း ကြားသိ တွေ့မြင်နေကြရပါသည်ဘုရား။

ထိုအဓမ္မဝါဒကို ပြန်လည်ဟောပြောနေမှု၊ အဓမ္မဝါဒစာအုပ်စာတမ်းများကို မိတ္တူကူး၍ ဖြန့်ချိနေမှုစသည်တို့ကို သက်ဆိုင်ရာမှ စုံစမ်းစိစစ်၍ ဖော်ထုတ်အရေးယူသင့်ပြီဖြစ်ကြောင်းကိုလည်း လျှောက်ထားအပ်ပါသည်ဘုရား။

ယင်းသို့ တိတိကျကျ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများကို မပြုလုပ်ဘဲ လျစ်လျူရှုနေပါက ယင်းအဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာမည်ကို လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယများ အချည်းနှီး အလဟဿဖြစ်သွားမည်ကိုလည်းကောင်း စိုးရိမ်မိပါသည်ဘုရား။ ဤကိစ္စကို လေးလေးနက်နက် ဆင်ခြင်စဉ်းစား နှလုံးထားတော်မူကြပါဘုရား။

အခြေခံမူများ

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက် စာမျက်နှာ(၂၀)၊ အခန်း(၁) အပိုဒ်(၂)၊ အပိုဒ်ခွဲ(က)၌ "သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကိုဆိုသည်"ဟုလည်းကောင်း၊ အပိုဒ်ခွဲ(င)၌ "ထေရဝါဒဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကကိုဆိုသည်"ဟုလည်းကောင်း၊ ယင်းအခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၁၂) အပိုဒ်ခွဲ(ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်"ဟုလည်းကောင်း၊ အပိုဒ်(၁၃)၌ "သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်"ဟုလည်းကောင်း ပြဆိုထားပါသည်။

ဤပြဆိုချက်များကို ပေါင်းရုံးသုံးသပ်ပါက မြတ်စွာဘုရား၏ အဆုံးအမ၊ သာသနာတော်ဖြစ်သော ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန်တင်ထားသော ထေရဝါဒပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီး ကာကွယ်နိုင်သည်ဟု အဓိပ္ပာယ်ရရှိပါသည်ဘုရား။

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိသည်ကို သိတော်မူကြစေရန် လျှောက်ထားပါသည်ဘုရား။

တရားမဝင်ဖွဲ့စည်း

ဆရာတော်အရှင်မြတ်တို့ဘုရား- သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်(၄)၌ "ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်း တစ်ခုတည်းသာရှိရမည်"ဟုလည်းကောင်း၊ အပိုဒ်(၅)၌ "ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက်ပါဝင်ပြီးဖြစ်သည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားပါလျက် ယခုအခါ အချို့ရဟန်း သာမဏေများသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှုကို မခံယူသည့် တရားမဝင်သော သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းလျက်ဆောင်ရွက်နေကြပါသည်ဘုရား။ ယင်းသို့ဆောင်ရွက်နေကြခြင်းသည် အဆိုပါ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအပိုဒ်(၄) အပိုဒ်(၅)ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ကြသည့်အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားလွှာအမှတ် (၈၁)ကိုလည်း ဖောက်ဖျက်ကျူးလွန်ရာ ရောက်ပါသည်။ ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ထုတ်ပြန်သောအမိန့် အမှတ် (၆/၉၀)နှင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေအမှတ် (၂၀/၉၀) တို့ကိုလည်း ကျူးလွန်ရာရောက်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ အဆိုပါ စည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေတိုင်း သိနေကြဖို့ အထူးလိုအပ်ပါသည်။ ထို့ကြောင့် ဤစည်းမျဉ်းဥပဒေများကို ရဟန်းသာမဏေများ သိနားလည်အောင် သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ၊ ကျောင်းထိုင် ကျောင်းပိုင်ဆရာတော်များ၊ ကျောင်းတိုက်ဆရာတော်များ၊ စာချဆရာတော်များက အခါအခွင့်သင့်တိုင်း ဟောပြောဆုံးမတော်မူကြရန် တပည့်တော်တို့ မဟာနာယကအဖွဲ့က ဆောင်ရွက်ပေးသင့်ပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား- မြတ်စွာဘုရားသည် သုတ္တပဏ္ဍ၌လည်း-

"ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ "အဓမ္မော" တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ၊ တေစိမံ သဒ္ဓမ္မံ ဌပေန္တိတိ"။ပ။

ရဟန်းတို့ အကြင်ရဟန်းတို့သည်-

တရားစစ် တရားမှန် မဟုတ်သောအဓမ္မကို တရားစစ်တရားမှန် မဟုတ်သော အဓမ္မဟုလည်းကောင်း။

တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို တရားစစ် တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း။

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယဟုလည်းကောင်း။

ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း။

မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟုလည်းကောင်း။

မြတ်စွာဘုရား ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟုလည်းကောင်း။

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်ဟုလည်းကောင်း။

မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရားအလေ့အကျင့်ပြုအပ်၏ဟုလည်းကောင်း။

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု လည်းကောင်း ပြကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများစီးပွားချမ်းသာဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သည်မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွားစေသည်မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း တည်တံ့စေသည်မည်ကုန်၏ဟု ဟောတော်မူခဲ့ပါသည်ဘုရား။

(အံ၊ ၁၊ ၁၉)

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်တကွ သံဃာ့အဖွဲ့အစည်းအသီးသီး၌ ပါဝင်သော အရှင်မြတ်များသည်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ မပါဝင်သော အရှင်မြတ်တို့သည်လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းသာမဏေအားလုံးတို့သည် လူအများ၏ စီးပွားချမ်းသာဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာကျင့်သော ပုဂ္ဂိုလ်၊ များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်စေသော ပုဂ္ဂိုလ်၊ ဤသာသနာတော်ကိုလည်း တည်တံ့စေသော ပုဂ္ဂိုလ်များ ဖြစ်အောင် ကျင့်ကြံကျိုးကုတ်အားထုတ်တော်မူကြပါဟုတိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယ သြဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။ ။

ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌ

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ယင်းအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

တင်သွင်းလျှောက်ထား

ထို့နောက် သဘာပတိဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)**

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

(သာသနာရေးဝန်ကြီးဌာနဝန်ကြီး၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက တင်သွင်း လျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်း လျှောက်ထားကြပြီး အစည်းအဝေး၏ နံနက်ပိုင်း အစီအစဉ်များကို ခေတ္တ ရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် မွန်းလွဲပိုင်းအစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များက တင်ပြဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို မွန်းလွဲ၁နာရီ၄၅မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်ကပ်လှူဒါန်း

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမများက နိုင်ငံတော်သံဃမဟာနာယက ဆွမ်းစားဆောင်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

တီးတိန်မြို့မရပ်ကွက် စာဖတ်ဝိုင်းပြုလုပ်

တီးတိန် နိုဝင်ဘာ ၂၂

ချင်းပြည်နယ် တီးတိန်မြို့ မြို့မရပ်ကွက် စာကြည့်တိုက်(စေတနာလူ့စွမ်း အားအရင်းအမြစ် ဗဟိုဌာန)တွင် နိုဝင်ဘာ ၂၀ ရက်က စာဖတ်ဝိုင်း ပြုလုပ်ခဲ့သည်။ စာဖတ်ဝိုင်းတွင် စာကြည့်တိုက်မှူး မနွမ်းဝင်လွန်းက 'ချစ်လို့ပြောတာမှတ်ပါ' ချစ်နိုင်(စိတ်ပညာ)စာအုပ်မှ စိန်ခေါ်နေတဲ့အရာများ ဆောင်းပါး၊ ဒေါ်ဇင့်ခန့်အွပ်(မြို့နယ် ပြန်/ဆက်)က ဒို့ကျေးရွာ ဂျာနယ် အတွဲ(၅)၊ အမှတ်၂၀မှ စာတည်းမှူး၏ ညီညွတ်စေသောတရားများဆောင်းပါး၊ ဦးဒင်ကျင့်ပေါင်(မြို့နယ်သမ)က မြန်မာ့အလင်းသတင်းစာ နိုဝင်ဘာ၁၅ရက်ထုတ် ဆောင်းပါးရှင် မိပြည်ချစ်၏ ဘာတွေဘယ်လိုလုပ်မယ်လို့ စဉ်းစားနေသလဲ၊ ဒေါ်လွင်းဒိုက်လွန်း(မြို့နယ်စည်ပင်)က မြန်မာ့အလင်း သတင်းစာ နိုဝင်ဘာ ၁၇ရက်ထုတ် ဆောင်းပါးရှင် မောင်ခင်မင်(ဓနုဖြူ)၏ စာလုံးပေါင်းသတ်ပုံ ဇာတ်လမ်းကလေးများ ဆောင်းပါးများကို ဖတ်ကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

အာဖဂန်တောင်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား အရပ်သားသုံးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိ

ကဘူးလ် နိုဝင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူလ်ပြည်နယ်၌ နိုဝင်ဘာ ၂၀ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အရပ်သားသုံးဦး သေဆုံးပြီး အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်စစ်ဘက်က ပြောကြားသည်။

ကားဗုံးခွဲတိုက်ခိုက်သည့်နေရာမှာ ဆာဂျင်ခရိုင်အတွင်းဖြစ်ပြီး အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ၏ စစ်အခြေစိုက်စခန်းတစ်ခု၏ ဂိတ်အား ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့်ကားကို အတင်းမောင်းနှင်ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့် အရပ်သားစုစုပေါင်းမှာ ၅၀၀၀ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်အတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ ၁၅၀၀ကျော်ရှိနေပြီဖြစ်ကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

ပိုမိုများပြား

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်ခဲ့ပြီးနောက် တာလီဘန်အကြမ်းဖက်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုမှာ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူလ်ပြည်နယ်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တောင်အမေရိက ကာကွယ်ရေးကောင်စီ အမေရိကန် ဖစွက်ဖက်ရန် ဘရာဇီး သတိပေး

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၂

လာမည့်နှစ်တွင်ဖွဲ့စည်းမည့် တောင်အမေရိက ကာကွယ်ရေးကောင်စီ၌ အမေရိကန်ဝင်ရောက်စွက်ဖက်မည့် အလားအလာကို ဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်ဆင်ဂျိုဘင်က နိုဝင်ဘာ ၂၀ရက်က ပြစ်တင်ငြင်းပယ်လိုက်သည်။

တောင်အမေရိကကို အမေရိကန်ပုံစံသွင်းရန်မလိုကြောင်း၊ မိမိတို့ဒေသသည် ကိုယ်ပိုင်ကာကွယ်ရေးစနစ်ကို ထူထောင်ဖန်တီးနိုင်စွမ်းရှိကြောင်း ဂျိုဘင်ကပြောကြားသည်။

ပြောကြား

ရီယိုဒီဂျနေးရိုး၌ ပဋ္ဌမအကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ ကျင်းပအပြီး ဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်ဆင်ဂျိုဘင်က အထက်ပါအတိုင်း သတင်းထောက်များအား ပြောကြားလိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်မြောက်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် အမာလီဒေသ၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် ဘာဂျော်ဒေသ၌ ဗုံးခွဲတိုက်ခိုက် ကိုးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၂

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးနွယ်စုများနေထိုင်ရာ ဘာဂျော်ဒေသ၌ နိုဝင်ဘာ ၂၀ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများနှင့် သက်ဆိုင်ရာအရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။

ဖြစ်ပွား

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဘာဂျော်ဒေသအလယ်ပိုင်းရှိ ခါရ်မြို့မှ အနောက်မြောက်ဘက် ၁၂မိုင်အကွာ ဘာဒန်ကျေးရွာ မာမွန်အရပ်ရှိ စီမံကွပ်ကဲရေးရုံးတစ်ရုံးအနီးတွင် အသေခံဗုံးခွဲသမားတစ်ဦးက လူအုပ်စုတစ်စုအတွင်းသို့ပြေးဝင်ကာ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ယင်းရုံးမှအရာရှိတစ်ဦးက ဘီဘီစီသို့ ပြောကြားခဲ့သည်။

ပြစ်တင်ဝေဖန်

သေဆုံးသူများထဲတွင် တာလီဘန်တို့အား ဆန့်ကျင်သည့် လူမျိုးစုခေါင်းဆောင် မာလစ်ခ်ရက်ချ်မာဟူလက်ချ်ပါဝင်ကြောင်း၊ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး မည်သူ့လက်ချက်ဟု မသိရဘဲ တာဝန်ရှိသူများကမူ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဘိုင်ဟူလက်ချ်ဆွတ်ဒ်လက်ဒ်တီတီပီအဖွဲ့အား ပြစ်တင်ဝေဖန်ခဲ့သည်။ **(အင်တာနက်)**

အမေရိကန်ရှေ့နေချုပ် မိန့်ခွန်းပြောကြားစဉ် လဲကျခဲ့

ဝါရှင်တန် နိုဝင်ဘာ ၂၂

အမေရိကန်ရှေ့နေချုပ် မိုက်ကယ်မူဘာဆီမှာ ဝါရှင်တန်ဟိုတယ်တစ်ခု၌ အမျိုးသားလုံခြုံရေးနှင့် စပ်လျဉ်းသည့် မိန့်ခွန်းပြောကြားစဉ် နိုဝင်ဘာ၂၀ရက်က ရုတ်တရက် လဲကျသွားသည်ဟု စီအင်န်အင်န်က ကြေညာသည်။ မစ္စတာမူဘာဆီ(၆၇နှစ်)အား ဝါရှင်တန်မြို့ ဂျော့ချ်ဝါရှင်တန်ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း စီအင်န်အင်န်က ကြေညာသော်လည်း နောက်ထပ် အသေးစိတ် မသိရချေ။

အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန် ပုဂ္ဂလိကကန်ထရိုက်များ အီရတ်ဥပဒေနှင့် ကင်းလွတ်ခွင့် ဆုံးရှုံးတော့မည်

ဝါရှင်တန် နိုဝင်ဘာ ၂၂

အမေရိကန်နှင့်အီရတ်နှစ်နိုင်ငံ သဘောတူညီမှုသစ်အရ အီရတ်ရှိအမေရိကန်အစိုးရ တာဝန်ရှိသူများအတွက် အလုပ်လုပ်ပေးနေသော ပုဂ္ဂလိက ကန်ထရိုက်တာများအနေဖြင့် အီရတ်ဥပဒေမှ လွတ်ငြိမ်းခွင့်များ ဆုံးရှုံးရတော့မည်ဖြစ်ကြောင်း ထိပ်တန်းအမေရိကန်အရာရှိများက နိုဝင်ဘာ ၁၉ရက်က ပြောကြားသည်။

တာဝန်ယူဆောင်ရွက်

ပုဂ္ဂလိကကန်ထရိုက်များသည် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အရာရှိများအတွက် ပုဂ္ဂိုလ်ရေးလုံခြုံမှုမှသည် စားနပ်ရိက္ခာဖြည့်ဆည်းမှုအထိ အစစ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ပုဂ္ဂလိကကန်ထရိုက်များမှာ လာမည့် ဇန်နဝါရီ ၁ရက်မှစ၍ အထက်ဖော်ပြပါ လွတ်ငြိမ်းခွင့်များ ဆုံးရှုံးရတော့မည်ကို ၎င်းတို့အား ပြောပြထားသည်ဟုလည်း အမေရိကန်နိုင်ငံခြားနှင့် ကာကွယ်ရေးဌာနမှ အရာရှိများက ပြောကြားသည်။

သဘောတူညီ

နှစ်နိုင်ငံ သဘောတူညီမှုကို အီရတ်ပါလီမန်က အတည်ပြုရဦးမည်ဖြစ်သည်။ ယခုနှစ်ကုန်တွင် သက်တမ်းကုန်မည့် ကုလသမဂ္ဂ၏အမိန့်ကို ဤသဘောတူညီမှုက အစားထိုးပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်၌ နောက်ထပ် သုံးနှစ် တပ်စွဲခွင့်ပေးလိုက်သည်။

အာမခံ

အမေရိကန်အခြေစိုက် ဘလက်ဝါးတားလုံခြုံရေး အာမခံကုမ္ပဏီအစောင့်များက ဘဂ္ဂဒက်မြို့၌ လွန်ခဲ့သည့်နှစ်က အရပ်သား ၁၇ဦးကို သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ အီရတ်ပြည်သူများက ဒေါသထွက်ခဲ့ကြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသူများအား နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ ဒေရာအစ္စမေးခန်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာတွင် ဒဏ်ရာရရှိသူတစ်ဦး ဆေးဝါးကုသမှုခံယူနေသည်ကို နိုဝင်ဘာ ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အသုဘပို့စဉ် ဗုံးပေါက်ကွဲ ငါးဦးသေဆုံး

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေရာအစ္စမေးခန်မြို့၌ နိုဝင်ဘာ ၂၁ ရက်က ရှီးယိုက်ခေါင်းဆောင်တစ်ဦး၏ အသုဘတွင် ဗုံးပေါက်ကွဲသဖြင့် အနည်းဆုံး ငါးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ အခြားသူလေးဦးလည်း ဒဏ်ရာရရှိသည်။

ဗုံးပေါက်ကွဲပြီး မကြာမီမှာပင် သေနတ်သံများကြားရသဖြင့် အသုဘပို့ပရိသတ်တို့ လှုပ်လှုပ်ရွရွဖြစ်ပြီး ဝရုန်းသုန်းကား ဖြစ်ကြသည်ဟုဆိုသည်။

ယင်းမြို့တွင် ရှီးယိုက်နှင့် ဆွန်နီအုပ်စုချင်း အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားတတ်သည်ဟု သိရသည်။ **(အင်တာနက်)**

နယ်သာလန်၌ လေပြင်းမုန်တိုင်းများ တိုက်ခတ် လေယာဉ်ခရီးစဉ်နှင့် ရထားခရီးစဉ်များရပ်ဆိုင်း

ဘရပ်ဆဲလ် နိုဝင်ဘာ ၂၂

နယ်သာလန်နိုင်ငံ တစ်ဝန်းတွင် နိုဝင်ဘာ ၂၁ရက်က လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် လေယာဉ်နှင့် ရထားခရီးစဉ်များ ရွှေ့ဆိုင်းခဲ့ရကြောင်း နယ်သာလန်နိုင်ငံမှ မိုးလေဝသ အရာရှိများက ပြောကြားသည်။

တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ကျော် တိုက်ခတ်သည့် လေပြင်းမုန်တိုင်းများကြောင့် အမ်စတာဒမ်မြို့အပါအဝင် အခြားမြို့ကြီးများရှိ လေဆိပ်အချို့ပိတ်ထားခဲ့ရပြီး ရထားသွားလာမှုလည်း ရပ်ဆိုင်းသွားခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် နိုဝင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်သူမြတ်ကြီးများဘုရား-

ယနေ့ ကျင်းပအပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဆဋ္ဌအစည်းအဝေးသို့ ဆရာတော် အရှင်မြတ်ကြီးများ စုံစုံညီညီ ကြွရောက် ချီးမြှောက်တော်မူကြသဖြင့် ဘုရားတပည့်တော်သည် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါသည် ဘုရား။ ဆရာတော်ကြီးများသည် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိုသာ တစိုက်မတ်မတ် အာရုံစိုက်တော်မူလျက် သက်တော်ရွယ်တော် အလျောက် ကျန်းမာရေး အနေအထား၊ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်မှုများကို နောက်ထားလျက် ပေးအပ်ထားသော သာသနာ့တာဝန်များကို ထမ်းဆောင်ကြပြီး စုံညီစည်းဝေး ဆွေးနွေးနှီးနှော၊ သဘောညီမျှ ဆုံးဖြတ်ချရေး၊ အလေးဂရု၊ အားပြုသန်စွာ ကြွရောက်လာကြသဖြင့် ဆရာတော်ကြီးများ၏ သာသနာတော်မြတ်ကြီးအပေါ် ထားရှိသော သဒ္ဓါအစ ဝီရိယတစ်ဖြာ၊ ပညာဉာဏ်ထ ဆန္ဒထူးမြတ်၊ စိတ်ဓာတ်အားနှင့်၊သတိဆင်မှုတို့ကို ၊ ဖူးမြင်ကိုယ်တွေ့၊ စေ့စေ့ သိရှိရပါသဖြင့် ကြည်ညိုသဒ္ဓါ မင်္ဂလာ ကုသိုလ်တရားများ ရရှိ၍ အတိုင်းမသိ စိတ်ကြည်နူး ချမ်းမြေ့ရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်း တည်ထောင်ခဲ့ပြီးနောက် သာသနာတော်မြတ်ကြီးသန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် တာဝန်များ အသီးသီး ထမ်းဆောင်တော်မူကြရာတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်နေရသည်ကို ဆရာတော်ကြီးများ အသိပင်ဖြစ်ပါသည်ဘုရား။

ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာတို့ကို သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့နှင့်ညီညွတ်ဆုံးဖြတ်ကာ ဖြေရှင်း ဆောင်ရွက်ကြရပါသည်ဘုရား။ ငါးသိန်းကျော်မျှသော သံဃာထုကြီးကိုလည်း ဘုရားဥပဒေ၊ နိုင်ငံတော်ဥပဒေ၊ အဖွဲ့အစည်းဥပဒေ၊ လူမှုဥပဒေ စသည်များနှင့်အညီအညွတ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည် ဝိနိစ္ဆယရေးရာအပိုင်းတွင် တရားရေးမဏ္ဍိုင်ကြီးအဖြစ်၊ သာသနာ့ရေးရာ အပိုင်းတွင် သာသနာ့ မဏ္ဍိုင်ကြီးအဖြစ်၊ ပညာရေးရာအပိုင်းတွင်ပရိယတ္တိမဏ္ဍိုင်ကြီး အဖြစ် မားမားမတ်မတ်ရပ်လျက် ဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ ကြီးသောအမှု သေးငယ်အောင်၊ သေးငယ်သောအမှု ပပျောက်အောင်၊ အကုသိုလ်တရားများ ယုတ်လျော့ပပျောက်ပြီး ကုသိုလ်တရားများ တိုးပွားလာအောင် အဂတိတရားများ ကင်းစင်စွာ ကြိုးစားဖြေရှင်းအောင်မြင်စေသဖြင့် ဘုရားတပည့်တော်တို့ သဒ္ဓါဆပွား ကြည်ညိုလေးစားရပါသည်ဘုရား။

ကြီးကြပ်မှုခံယူ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေး တို့ကို ရှေးရှုလျက် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့်နည်းတူ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ အခြေခံမူအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည်လည်း သာသနာရေး ကိစ္စများကိုဆောင်ရွက်ရာ၌ ဓမ္မဝိနယကိုအလေးဂရုပြုခြင်းဖြင့် သံဃာကိုသာ အလေးဂရုပြုရမည်၊ ပုဂ္ဂိုလ်ကို အလေးဂရုမပြုရဟူသော ပရိဝါပါဠိတော်နှင့်အညီ စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ အများ၏သဘောထားနှင့်ဆန္ဒကို အနည်းစုကလိုက်နာခြင်း၊ အနည်းစု၏ သဘောထားနှင့်ဆန္ဒကို အများကလေးစားခြင်း စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ပါသည်ဘုရား။ ထိုနည်းတူပင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက် ပါဝင်ပြီး ဖြစ်သဖြင့် ရဟန်းသာမဏေတိုင်းသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်မှုကို ခံယူကြရမည်ဖြစ်ပါသည် ဘုရား။

သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲအောင်၊ တိုးတက်ထွန်းကားပြန့်ပွားအောင် ထမ်းဆောင်ကြရာတွင်လည်း ရဟန်းသာမဏေ သံဃာတော်များအားလုံးသည် အချင်းချင်းချစ်ခင်လေးစား တန်ဖိုးထားလျက် စိတ်ဓာတ်ပြည့်စွာ ညီညွတ်ပါမှ လုပ်ငန်းရပ်များ အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။ အင်္ဂုတ္တရနိကာယ် နိပ္ပိယသုတ်တွင် ရဟန်းသံဃာ အချင်းချင်း ချစ်ခင်အပ်၊ လေးစားအပ်၊ ချီးမွမ်းအပ်သူဖြစ်စေသော ကျင့်စဉ်တရားများကို ဗုဒ္ဓရှင်တော်မြတ် ဟောမိန့်ထားသည်ကို သိရှိရပါသည် ဘုရား-

ဤတရားများမှာ-

- အဓိကရဏ်းကို မပြုတတ်ခြင်း။
- သိက္ခာသုံးပါးကို လိုလားခြင်း။
- လောဘအလိုရမ္မက်နည်းပါးခြင်း။
- အမျက်မထွက်တတ်ခြင်း။
- သူတစ်ပါးဂုဏ်ကို မချေဖျက်တတ်ခြင်း။
- မစဉ်းလဲမကောက်ကျစ်ခြင်း၊ မိမိ၌ မရှိသောဂုဏ်ကို အရှိလုပ်ကာ လွဲမှားစွာ မပြောဆိုတတ်ခြင်း။
- မိမိအပြစ်ကို ဖုံးကွယ် လှည့်ပတ်လိုသည့် မာယာမရှိခြင်း။
- လောကုတ္တရာတရားတို့ကို ရှုမှတ်ဆင်ခြင်သိမြင်မှုရှိခြင်း။
- ကမ္မဋ္ဌာန်းဖြင့် တစ်ပါးတည်း ကိန်းအောင်းခြင်း။
- သီတင်းသုံးဖော်တို့ကို အာမိသ၊ ဓမ္မနှစ်ဌာနဖြင့် ချီးမြှောက်တတ်ခြင်း။

ဤသို့ သဘောရှိသော ရဟန်းသာမဏေတို့ကို အချင်းချင်းသီတင်းသုံးဖော်တို့က အရိုအသေပေးအလေးဂရုပြုလျက် ဆက်ဆံကြပြီး သာသနာရေးကိစ္စများကို တိုင်ပင်ညှိနှိုင်း ဆောင်ရွက်သဖြင့် ချောချောမောမော အောင်မြင်စေနိုင်မည် ဖြစ်ပါသည် ဘုရား။

ကြီးကြပ်ထိန်းမတ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံ သံဃာ့ အဖွဲ့အစည်းကြီးအတွင်းရှိ ရဟန်းသာမဏေများနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့အား ညီညွတ်စေရေး၊ နိပ္ပိယသုတ်တော်လာ ချစ်ခင်လေးစားကျင့်စဉ်တရားများနှင့်အညီ ရှိစေရေးတို့အတွက် ယခုထက်ပိုမို၍လမ်းညွှန်ကြီးကြပ်ထိန်းမတ်ပေးတော်မူကြပါရန် ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်မြတ်ကြီးများဘုရား-

ဆရာတော် အရှင်မြတ်ကြီးများက ဦးဆောင်လျက် သာသနာရေးကိစ္စအဝဝကို အားသစ် စုပေါင်း ထပ်လောင်းကြိုးပမ်း ထမ်းဆောင်ကြသကဲ့သို့ နိုင်ငံတော်အစိုးရ အမှူးရှိသော ဒကာ ပြည်သူတို့ကလည်း ကိုယ်စိတ်နှစ်ပါးအား အစွမ်းထားလျက် သာသနာရေးလုပ်ငန်းများကို ဆရာ့နည်းကျ ဩဝါဒတော်များနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည် ဘုရား။ နိုင်ငံတော်က ထုတ်ပြန်ကြေညာထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဏာစက် အကူအညီ အထောက်အပံ့များကို တရားနှင့် လျော်စွာ ပေးလျက်ရှိပါသည်ဘုရား။

ရည်ရွယ်ပံ့ပိုး

ထိုကဲ့သို့ သာသနာရေးလုပ်ငန်းများကို ဆရာဒကာ ညီညာလက်တွဲ အားခဲ နှိုင်းချင့် ကျွန်းနှင့်ကိုင်းမှီ ရှေ့သွားညီအောင်၊ ရည်ရွယ်ပံ့ပိုးကြိုးစားဆောင်ရွက်လျက်ရှိသည့်ပြင် ဒကာ့ တာဝန်ကျေပွန်ကြရ၊ နုဂ္ဂဟနှစ်ဖြာ၊ ဓမ္မာပစ္စယ၊ ကုသိုလ်အဝဝကိုလည်း မဆုတ်မနစ်၊ အားအသစ်သစ်ဖြင့် တိုးမြှင့်လှူဒါန်းလျက်ရှိပါသည် ဘုရား။ ပြည်သူ အပေါင်း သူတော်ကောင်းတို့သည် သာသနာတော် မြတ်ကြီးအတွက် စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့်၊ ထောက်ပင့်ဝေဆာ ပူဇော်ကြမည်သာ ဖြစ်ပါကြောင်း လျှောက်ထားရင်းဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား။ ။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ခရီးစဉ်မှာ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်း တည်ဆောက်နေသော ဖူးရှာရေလှောင်တမံ စီမံကိန်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့ သွားရောက်လေ့လာကာ သတင်းဆောင်းပါး ရေးသား၍ ဓာတ်ပုံရိုက်ကူးရန်ဖြစ်သည်။

ရေမြောင်းဖောက်ပေးတာပါ

"ကျေးရွာဒေသ ဖွံ့ဖြိုးရေးအတွက် လူအင်အားမတတ်နိုင်တာကို ဆည်မြောင်းက စက်ယန္တရားနှစ်စီး၊ အင်ဂျင်နီယာတွေနဲ့ စပါးစိုက်လယ်မြေအတွက် ရေမြောင်းဖောက်ပေးတာပါ"

ဦးသန်းထွန်း
ဒုတိယညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၈)
ဆည်မြောင်းဦးစီးဌာန

ပြုပြင်

အကွာအဝေး ၆၅မိုင်ခန့်သာရှိသော်လည်း လမ်းခရီးကြမ်းတမ်းမှုကြောင့် အချိန်လေးနာရီကြာအောင် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးတင်လတ်နှင့်အတူ သွားရောက်ခဲ့ကြရသည်။ လမ်းပေါ်တွင် ဂဝံကျောက်တုံးအကြီး၊ အလတ်၊အသေး အရွယ်မျိုးစုံ လမ်းဘေးတွင် အစုလိုက်ပုံထားသည်ကို တွေ့ရသည်။

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးမှ ၄င်းနှင့် သက်ဆိုင်သောအပိုင်းကို ပြင်ဆင်ရန်ဖြစ်သည်ဟု သိရသည်။ လမ်းပိုင်းအချို့မှာ ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် ပြုပြင်နေပြီ ဖြစ်သည်။ အဆိုပါလမ်းပိုင်းမှပင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်နေသော ရေလှောင်တမံများဆီသို့ သွားလာနေရသည်။

ကျွန်းစိုက်ခင်း

တောင်ကြီး၊ တောင်လတ်၊ တောင်ငယ်နှင့် ကုန်းမြင့်များအကြား ဖောက်လုပ်ထားသော မြေသားလမ်း၊ ဂဝံခင်းလမ်း၊ ကျောက်ချောလမ်းများ၏ ဝဲယာတစ်ဖက် တစ်ချက်တွင် သဘာဝပေါက်ရောက်နေသော သစ်ဝါးပင်များကို စိမ်းစိမ်းစိုစိုမြင်တွေ့ရ၏။ သစ်ပင်မျိုးစုံလင်လှသည်။ ဝါး၊ ကြောင်လျှာ၊ ကြက်ဆူ၊ ဒဟတ်၊ သန်းပင်များနှင့် ဆေးဖက်ဝင်သည်ဆိုသော ပိစပ်ပင်များကလည်း အနမတဂ္ဂ၊ မြင်ဝါးသည် အများဆုံးဖြစ်သည်။ စေတုတ္တရာ သစ်တောကြိုးဝိုင်းမှ အရွက်ဖားဖားဖြင့် နိုင်ငံခြားငွေရှာဖွေပေးမည့် ကျွန်းစိုက်ခင်းများကလည်း ဧက၁၀၀၀ စိုက်ပျိုးထားကြောင်း ဆိုင်းဘုတ်တင်ထားသည်ကို တွေ့ရသည်။

ရေလွှဲဆည်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ဖူးရှာရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်၌ တွေ့ဆုံခဲ့သည်။ ဖူးရှာသို့အလာ လမ်းခရီးတွင် တောင်ပေါ်မှ အပေါ်စီးမြင်တွေ့ရသော အနောက်ရိုးမတောင်တန်း နောက်ခံနှင့် စိမ်းစိုနေသော စပါးပင်များ၊ မြင်ကွင်းများအကြောင်း မေးမြန်းခဲ့သည်။ ထူးထူးခြားခြား သစ်ခက်ရေလွှဲဆည်အကြောင်း ကြားသိခဲ့ရသည်။

အခက်ကြုံ

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာ မြို့နယ်အတွင်း မုန်းချောင်း ဘေးအနီးတွင် ဖူးရှာနှင့် မန်းပလောင်ကျေးရွာတို့ရှိသည်။ မုန်းချောင်းသည် ချင်းပြည်နယ်မှ မြစ်ဖျားခံစီးဆင်းလာသည်။ မုန်းချောင်း၏ လက်တက်ဖြစ်သော ထီးချောင်းသည် ဖူးရှာနှင့် မန်းပလောင်ကျေးရွာတို့ကို ဂငယ်ပုံသဏ္ဌာန်ကွေ့ကောက်စီးဆင်းနေသည်။ အဆိုပါ ထီးချောင်းမှရေကို သွယ်ယူ၍ လေးမိုင်ခန့်အရှည်ရေမြောင်းတူးပြီး လယ်မြေ၂၆၅ ဧကကို စပါးစိုက်ပျိုးနေခဲ့ကြသည်။ တဖြည်းဖြည်းနှင့် သဲနုန်းများပို့ကာ ချောင်းကောလာပြီး လယ်ကမြင့်၍ စီးဆင်းရေက နိမ့်ကာ ရေစီးဆင်းမှု မရှိတော့ဘဲ အခက်ကြုံကြရသည်။

ရေမြောင်း

ဆည်မြောင်းဦးစီးဌာန ဖူးရှာ ရေလှောင်တမံစီမံကိန်း အတွက် တာဝန်ဖြင့် ရောက်ရှိလာသော ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့်အဖွဲ့က စပါးစိုက်လယ်မြေများ ရေရရှိရေး အတွက် ရေသွယ်မြောင်းကို ကွေ့ကောက် စီးဆင်းနေသော ဂငယ်ကွေ့အစား ရေစီးအားကောင်းစေရန် အနိမ့်အမြင့်တို့ကို တွက်ချက်၍ ကန့်လန့်ဖြတ်ကာ ရေမြောင်းသစ် ဖောက်လုပ်ပေးခဲ့သည်။ မြောင်းတူး စက်ယန္တရား နှစ်စီး၊ ကျွမ်းကျင်အင်ဂျင်နီယာများ အကူအညီဖြင့် ပြီးခဲ့သည့် ဩဂုတ်၃၁ရက်မှ စက်တင်ဘာ၁၀ရက် အထိ ၁၀ရက်အတွင်း အပြီးဆောင်ရွက်ခဲ့သည်။

ရွာသူရွာသားများ စုပေါင်း၍ သစ်ခက်များ၊ ဝါးကပ်များဖြင့် မုန်းချောင်းမှ စီးဆင်းလာသောရေကို မြောင်းအတွင်း ရေများစီးဝင်နိုင်ရန် သစ်ခက်များကို ဝါးကပ်များတွင်ကပ်၍ ရေလွှဲဆည် ပုံသဏ္ဌာန်ပြုလုပ်ကာ ရေကိုလွှဲ၍ ပင့်တင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ သည်တော့ ကျေးရွာနှစ်ရွာ၏ လယ်မြေ ၂၆၅ ဧကသည် အနောက်ရိုးမတောင်တန်း နောက်ခံပြီး မနောသုခ အုပ်စုဝင် ရွှေသွယ်ရင်စပါးပင်များက လေအဝှေ့တွင် ယိမ်းနွဲ့ပြီး အစိမ်းရောင် မြကမ္ဗလာကြီး ခင်းထားသည့်သဖွယ်တောင်ပေါ်မှ လှမ်းမြင်ခဲ့ရသည်။

သက်သေထူ

အရာကိစ္စတိုင်းတွင် နိုင်ငံတော်ကိုချည်း အားမကိုးဘဲ မိမိတို့၏ ဉာဏ်စွမ်းဉာဏ်စ တူညီသောစိတ်ဓာတ် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စွမ်းဆောင်လျှင် အောင်မြင်မည်သာ ဖြစ်သည်ကို စေတနာရှင် ဦးသန်းထွန်းနှင့် ဖူးရှာနှင့် မန်းပလောင် ကျေးရွာသားများက သစ်ခက်ရေလွှဲဆည်ဖြင့် သက်သေထူခဲ့ပြီ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

သစ်ခက်ရေလွှဲဆည်မှ စီးဝင်လာသောရေဖြင့် လယ်မြေ ၂၆၅ဧက စပါးစိုက်ပျိုး အောင်မြင်နေသည်ကို အနောက်ရိုးမ နောက်ခံတောင်တန်းနှင့်အတူ တွေ့ရသည်မှာ . . . . ။ (မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းန ကိုးကားတင်ပြသည်

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၂၂

နိုဝင်ဘာ၂၂ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်ညအပူအချိန်မှာဟားခါးမြို့တွင် ၆ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

နိုဝင်ဘာ၂၂ရက်ကရွာသွန်းခဲ့သောမိုးရေချိန်များမှာအောက်ပါအတိုင်းဖြစ်သည်။

လွိုင်ကော်	၀ဒသမ ၃၆ လက်မ
ပြည်	၀ဒသမ ၁၂ လက်မ
သီပေါ	၀ဒသမ ၀၈ လက်မ
ကော့သောင်း	၀ဒသမ ၀၈ လက်မ

နိုဝင်ဘာ၂၃ရက်(**ယနေ့**) ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

နိုဝင်ဘာ၂၃ရက်(**ယနေ့**) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ခန္တီးမြို့ သာယာလှပရေးဆောင်ရွက်

ခန္တီး နိုဝင်ဘာ ၂၂

ခန္တီးမြို့ သန့်ရှင်းသာယာလှပရေး အတွက် နိုဝင်ဘာ၇ရက်က လေဆိပ်အနီး မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစိုးအောင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့၌ အမျိုးသားနေ့ အခမ်းအနားများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသည့် ၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့၌ ကျင်းပကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားများသို့ (၈၈)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၈နာရီတွင် နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ရတနာမွန်ခန်းမ၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို နေပြည်တော် ပျဉ်းမနား အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဌေးက ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီးများက (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြု သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉နာရီတွင် နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် တပ်ကုန်း အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို နေပြည်တော် တပ်ကုန်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း ၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်တပ်ကုန်း အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော်လယ်ဝေး

ထို့အတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉နာရီခွဲတွင် နေပြည်တော်လယ်ဝေး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် လယ်ဝေး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို နေပြည်တော် လယ်ဝေး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တာဝန်ရှိသူများက (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော် လယ်ဝေး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၈၈)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း (၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သန်လျင်မြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၁)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်း ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဗဟန်းမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၂)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ် ဖတ်ကြားစဉ်။ (၁၃၅)

အင်းစိန်မြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၁)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၂)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်စိန်ဖတ်ကြားစဉ်။ (၁၁၉)

ရန်ကင်းမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၂)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင် ဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၂)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

23-11 (06).pmd 1 11/23/2008, 2:51 AM

(၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားများ ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

(၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပကြသည်။

(၈၈)နှစ်မြောက် အမျိုးသားနေ့နှင့် မြို့မစိန်ရတု (၁၃)ကြိမ်မြောက်အခမ်းအနားကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မြို့မကျောင်း)ရှိ ဦးဘလွင်ခန်းမ၌ နံနက်၈နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ဦးက ဖတ်ကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ပထမအမှတ်အများဆုံးရရှိသော မအိမ့်မျက်ခြယ်နှင့် ဒုတိယအမှတ် အများဆုံးရရှိသော မောင်အောင်ပိုင်မင်းတို့အား မြို့မစိန်ရတုပညာရေး ငွေပဒေသာပင် ဘဏ္ဍာထိန်းအဖွဲ့နာယကဦးချစ်လှိုင်ကလည်းကောင်း၊ တတိယအမှတ်အများဆုံးရရှိသော မောင်လပြည့်ထက်နှင့်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမျိုးသား အသက်(၁၆-၂၀)နှစ်ကာလပေါ်နှင့် မဟာဂီတ အဆိုပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ဆုရှင် မောင်ထက်အောင်လင်း(ခ)မောင်ဇင်မောင်မောင်တို့အား မြို့မ စိန်ရတုပညာရေး ငွေပဒေသာပင် ဘဏ္ဍာထိန်းအဖွဲ့ နာယက ဦးသက်ထွန်း (အငြိမ်းစား သံအမတ်ကြီး)က လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်လပြည့်ထက်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးလှရွှေလေးက လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ကို ပေးအပ်လှူဒါန်းကြပြီး မြို့မစိန်ရတုပညာရေးငွေပဒေသာပင် ဘဏ္ဍာထိန်းအဖွဲ့ နာယကတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အထက(၁)လသာ

အလားတူ(၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို နံနက် ၉နာရီတွင် လသာမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဇဟိုစံပြခန်းမဆောင်၌ကျင်းပရာ လသာမြို့နယ် ကျောင်းသားကျောင်းသူများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက်အမျိုးသားနေ့ သဝဏ်လွှာကို လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းကဖတ်ကြားကာ အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ ဆုရကျောင်းသား ကျောင်းသူများအား အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ (၈၈)နှစ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို နံနက် ၉နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ ဆုရရှိသူများအား အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အထက(၁)လမ်းမတော်

အလားတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ စွမ်းအားခန်းမ၌ ကျင်းပရာ လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ပြည်မြန်မာ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ဇော်ကဖတ်ကြားသည်။

ယင်းနောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းရှိ အောင်ကျော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖတ်ကြားပြီး (၈၈)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌လည်း ကျင်းပသည်။

(သတင်းစဉ်)

အမျိုးသားနေ့ မိတ်ဆုံထမင်းစားပွဲ ဝိုင်အမ်ဘီအေ ခန်းမ၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

(၈၈)နှစ်မြောက် အမျိုးသားနေ့ မိတ်ဆုံထမင်းစားပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ ဗုဒ္ဓကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝိုင်အမ်ဘီအေ ဥက္ကဋ္ဌ ဒေါက်တာကံညွှန့် အမှုပြုသော အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်**(အပေါ်ပုံ)**က အမျိုးသားနေ့နှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အသင်းနာယကတစ်ဦးဖြစ်သော ဦးခင်မောင်ထွေး (ခင်မောင်ထွေး-ဆိပ်ကမ်း)က အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို လည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွှန့်က အမျိုးသားနေ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဝိုင်အမ်ဘီအေအသင်းသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက အလှူငွေကျပ်နှစ်သိန်း၊ ဝိုင်အမ်ဘီအေ အမှုဆောင် လူကြီးဟောင်း ဦးသက်တင်နှင့် ဒေါ်ခင်နွဲ့နွဲ့တို့က အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာကံညွှန့်က လက်ခံရယူသည်။ ထို့နောက် တက်ရောက်လာသူများအား အမျိုးသားနေ့ မိတ်ဆုံထမင်းဟင်းများဖြင့် ဧည့်ခံကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒေါပုံမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၁)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနိုင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၁)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ဖတ်ကြားစဉ်။ (၁၇၁)

ဗိုလ်တထောင်မြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ၂၂ရက်က အထက(၆)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမော် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

သဃ်န်းကျွန်းမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၁)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။ (၁၂၁)

သာကေတမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အထက(၁)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြင့်သန်း ဖတ်ကြားစဉ်။ (၀၉၈)

လှိုင်သာယာမြို့နယ် (၈၈)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က အမက(၂၄)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (၀၉၇)

23-11 (07).pmd 1 11/23/2008, 2:51 AM

✳ ကျောဖုံးမှ

မိမိတို့အဖွဲ့ ထွက်လာခဲ့ကြသည်။ ရေကျစပြုနေသော်လည်း တွံတေးတူးမြောင်းမှာ ကျယ်ဝန်းလှသည်။ တံငါသည် လှေလေးများ၊ ပိုက်ချသူ ပိုက်ချ၍ ပိုက်ကို စောင့်နေသော လှေလေးများ ဝဲယာတွင် တွေ့ရသည်။

အေးအေးမြမြ

ရေဆန် လေဆန်အချိန် ဖြစ်နေ၍ နေပူကျဲကျဲအောက်တွင် လရောင်အောက်ရောက်နေသည့်ပမာ တိုက်နေသော လေနှင့်ရှပ်ပြေးရေယာဉ် မြန်နှုန်းကြောင့် အေးအေးမြမြ ရှိလှသည်။ တူးမြောင်းဝအနီးတွင် အသွားအပြန် အခွန်ကြေးပေးဆောင်ခဲ့ကြသည်။ ခရီးက တော်တော်ဝေးသဖြင့် နာရီဝက်ခန့်အကြာတွင် လှမ်း၍မြင်ရသည်။

နေပူ ကျဲကျဲအောက် တိုးမြစ်အတွင်း ရေချိုငါးတန်ငါးကို မြစ်ထဲတွင် လှောင်အိမ်ဖြင့်မွေးမြူရေး ဆောင်ရွက်နေကြသော ရေလုပ်သား လူငယ် ၁၅ ဦးတို့၏ လှုပ်လှုပ်ရှရှဖြင့် ရေပေါ်တွင် တန်ခိုးရှင်များပမာ သွက်လက်ပေါ့ပါးစွာ သွားလာလုပ်ကိုင်ပြီး မွေးမြူထားသော ငါးတန်ကန်များ အလိုက်အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်၍ ၎င်းတို့ ယူထားသော တာဝန်ကျေပွန်အောင် ဆောင်ရွက်နေကြသည်။

အသာအယာ

မိမိတို့အဖွဲ့၏ ရှပ်ပြေးရေယာဉ်ငယ်လေးအား ငါးတန်ငါးများ မလန့်အောင် စက်ကိုအရှိန်လျှော့၍ ၎င်းတို့ ကြိုဆိုနေသည့် ရေပေါ်အိမ်လေးပေါ်သို့ အသာအယာ တက်ရောက်ခဲ့ကြသည်။

နေဒဏ်လေဒဏ်ခံပြီး တာဝန်ယူဆောင်ရွက်နေကြသော တာဝန်ခံ ကိုတင်ထွန်းအောင်နှင့် ငါးပညာရှင် ကိုတင်ဌေးတို့က ရေချိုငါးတန် မွေးမြူရေးလုပ်ငန်းတို့ကို စိတ်ပါလက်ပါ ရှင်းပြနေသည်မှာ ပင်ပန်းကြသည်ဟုပင် မထင်ရပေ။

မျက်စိတဆုံး

ရေပေါ်တွင် သံပိုက်လုံးကို ပေ ၂၀ ပတ်လည်ပေါင်ခွေ၍ နိုင်လွန်ပိုက်စိပ်စိပ်ဖြင့် ရေအောက်သို့ခုနစ်ပေခွဲချကာ ကန်သဖွယ်ပုံဖော်ပြီး သုံးကန် တစ်တွဲစီတွဲ၍ မွေးမြူရေးကန် ပုံဖော်ထားသည်မှာ မျက်စိတစ်ဆုံးရှိတော့သည်။

သုံးလအကြာ

ကန်တစ်ကန်လျှင် ငါးတန်သားပေါက် သုံးလက်မအရွယ်ရှိ အကောင်ပေါင်း ၃၀၀၀ စီထည့်၍ စတင်မွေးမြူကြပြီး သုံးလအကြာတွင် ၅၀သားရှိ အသားပြည့် ငါးတန်များရရှိပြီး အရှည်မှာ တစ်ပေတိတိ ဖြစ်သည်။

သတ်မှတ်ရက်စေ့လျှင် ဖော်၍ တစ်ကောင်ချင်း၏ ကြီးထွားနှုန်းအလေးချိန်တို့ကို စနစ်တကျ ဆောင်ရွက်ကြရသည်။ မှာယူထားသော အလေးချိန်နှင့် အကောင်ကြီးထွားမှုစံချိန်ပြည့်မီသောရက်တွင် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချ နိုင်မှုကြောင့် ပြည်ပမှ ဝင်ငွေများရရှိပြီးနိုင်ငံတော်အတွက် အကျိုးရှိလာမည်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တာဝန်ခံ ကိုတင်ထွန်းအောင်နှင့် ငါးပညာရှင် ကိုတင်ဌေးတို့က မွေးမြူရေးလုပ်ငန်းကို ဤသို့ အသေးစိတ်ရှင်းပြသည်။ (မြန်မာ့အလင်း)

ခြေစွမ်းတဲ့ ဘောလုံးမောင်

- နိုင်ပြီတဲ့ နိုင်ပြီ
  ''ဂရင်းရှိုင်ရယ်''သည်တစ်ပွဲမှာဖြင့်
  ချန်ပီယံ ဖို့အသည်းစိုင်တို့
  မိုလ်စွဲလို့နိုင်ပြီ....။
  မျှော်လင့်ချက်လင်းရောင်ခြည်
  ပြည့်ပါပြီရင်ကြား....။
  နိုင်ငံအလုံး အုန်းကျွက်ကျွက်စည်တယ်
  ပြုံးမျက်ရည်ဝေ့လျက်ပါတကား....။
- ပျော်သည်တဲ့ပျော်သည်
  ကြီးငယ်ငယ် ဘယ်မရွေး
  တကယ်တွေးပျော်သည်....။
  ကွင်းလုံးပြည့်ညံစီစီ
  အလံအလီလီဝေ့ကစား....။
  မျိုးချစ်စိတ်တလိပ်လိပ်လျှံတယ်
  ပရိသတ်အသံဟိန်းလို့တုန်သွား....။
- ဇာနည်တဲ့ဇာနည်
  နွယ်သာကီ ဘာမထီဖွဲ့ပေမို့
  အောင်ပွဲရပြီ....။
  ရွှေစစ်တဲ့ ''နာရဏီ''
  မဟာဆီ မြန်ပြည်သား....။
  နိုင်ငံအလုံး ပြုံးရအောင်ကွယ်
  ဘောလုံးမောင်ရယ် စွမ်းလိုက်ပုံများ....။ ။

မင်းယဉ်စု

■ ကျောဖုံးမှ

အတန်း ကိုးတန်းသတ်မှတ်

ယခုပြိုင်ပွဲကြီးသို့ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီ၊ မကွေး၊ ပဲခူး၊ ကရင်၊ ရခိုင်၊ ကချင်၊ မွန်၊ မန္တလေး၊ စစ်ကိုင်းစသည့် ပြည်နယ်တိုင်း၁၁ခုမှ ရိုးရာလက်ဝှေ့သမားပေါင်း ၁၃၃ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို လူသစ်တန်းအဆင့်၊ (ဂ)အဆင့်၊ (ခ)အဆင့်၊ (က)အဆင့်ဟူ၍ ရိုးရာ လက်ဝှေ့ပညာစဉ်အရ သတ်မှတ်ထားပြီး အဆင့်တိုင်းတွင် ကိုယ်အလေးချိန်အရ ၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်းမှ ၇၅ကီလို မစ်ဒယ်ဝိတ်တန်းအထိ အတန်းကိုးတန်း သတ်မှတ်ထားသည်။

လာရောက်ယှဉ်ပြိုင်

ယခုနှစ်ပြိုင်ပွဲသို့ ကရင်ပြည်နယ်က အဆင့်တိုင်း၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင် ၂၃ ဦးဖြင့် အများဆုံး ယှဉ်ပြိုင်လာသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းကလည်း အဆင့်တိုင်း၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် လက်ဝှေ့သမား၂၂ဦး စာရင်းပေးသွင်းထားသည်။ ပထမတန်း လက်ဝှေ့ကျော်ကြီး ရွှေဝါထွန်း ဦးစီးသော မွန်ပြည်နယ်အသင်းက လူသစ်တန်းအဆင့် ပြိုင်ပွဲဝင်ရှစ်ဦးနှင့် (ဂ)အဆင့် ပြိုင်ပွဲဝင် တစ်ဦးတို့ဖြင့် လာရောက်ယှဉ်ပြိုင်သည်။

တက်ရောက်

ယနေ့ ကွာတားဖိုင်နယ် ပထမဆင့်ပွဲစဉ်များကို စတင်ယှဉ်ပြိုင်ကြရာ လူသစ်တန်း ၅၄ကီလိုတန်း၌ ရဲဝင်းချစ် (ဧရာဝတီ)ကို မိုက်လက်သီး (ကချင်)က အလဲထိုး ၊ တိုးအောင်(တနင်္သာရီ)ကို အောင်ယက္ခ(ကရင်)က အလဲထိုး၊ ကီလို ၆၀တန်း၌ မီးလူ(ကချင်)က ကျော်သူအောင်(မန္တလေး)ကို အလဲထိုး၊ ၆၇ ကီလိုတန်းတွင် ကျော်လင်း(ဧရာဝတီ)ကို သန့်ဇင်မင်း(မွန်)က အလဲထိုး၊ ရာဇာအောင်(ကရင်)ကို စလူကာ(ရန်ကုန်)က အလဲထိုး၊ မင်းထိုက်(ပဲခူး)ကို စိုးမင်းနိုင်(တနင်္သာရီ)က အမှတ်(၄း၁)ဖြင့် အသီးသီးအနိုင်ရရှိကြပြီး ကွာတားဖိုင်နယ် ဒုတိယအဆင့်နှင့် ဆီမီးဖိုင်နယ်များသို့ တက်ရောက်သွားကြသည်။

ထို့နောက် (ဂ)အဆင့်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ၅၁ကီလိုတန်း၌ လှစ်လှစ်လေး(ရန်ကုန်တိုင်း)က ရဲသီဟ(ဧရာဝတီ)ကို အလဲထိုး၊ ၅၇ကီလိုတန်း၌ ဂျက်မိုက်ခဲ(ရန်ကုန်) ကို မိုးနိုင်(ကရင်)က အကွဲထိုး၊ ၆၃ ဒသမ၅ကီလိုတန်းတွင် ကျောင်းသား (ရန်ကုန်)ကို အောင်ပိုင်လေး(ရခိုင်)က အလဲထိုး၊ ဆင်ရိုင်း(တနင်္သာရီ)ကို သိန်းစိုး(မန္တလေး)က အလဲထိုးဖြင့် အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

ယှဉ်ပြိုင်မည်

ပြိုင်ပွဲကို ဒီဇင်ဘာ ၅ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ရက် ယနေ့ မွန်းလွဲ၂နာရီတွင်လည်း လူသစ်တန်း ၅၁ကီလို(ဖလိုင်းဝိတ်တန်း)၌ ကြယ်ဖြူလေး(ပဲခူး)နှင့် ဖွဲ့ကျောင်းသား(စစ်ကိုင်း)၊ ဇော်ဇော် (ကချင်)နှင့် စောဒူးဝါး(မွန်)၊ ဖူးဖူး (မကွေး)နှင့် အောင်စံမိုး(ရန်ကုန်)၊ သွေးသစ်သန်းလှိုင်(ကရင်)နှင့်နိုင်ဝင်း(တနင်္သာရီ) ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၅၇ကီလို(ဖယ်သာဝိတ်)တန်းကွာတားဖိုင်နယ် ပထမအဆင့်အဖြစ် ရိုးရိုးလေး(မွန်)နှင့် အောင်ထူးအောင် (ကရင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်။

(ဂ)အဆင့် ၅၄ကီလို(ဘင်တန်ဝိတ်)တန်း၌ အောင်သူရိန်(ရန်ကုန်)နှင့် နေလင်းအောင်(တနင်္သာရီ)၊ ကီလို၆၀ (လိုက်ဝိတ်)တန်း၌ ရဲထွန်းနိုင်(ဧရာဝတီ)နှင့် မဟူရာ(ရန်ကုန်)၊ အေးကို(တနင်္သာရီ)နှင့် ရွှေကျောင်းသား(ကရင်)၊ မျိုးဒေဝါ(မန္တလေး)နှင့် ပြည်ချစ်သား (ရခိုင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်။ ၆၇ ကီလိုတန်း၌ ဇာဝတီ(ကရင်)နှင့် အာကာထွန်း(တနင်္သာရီ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်။

ပွဲကောင်းများ

(ခ)အဆင့် ၅၇ကီလို(ဖယ်သာဝိတ်)တန်း၌ ရွှေဒေါင်း(ရန်ကုန်)နှင့် ရွှေဖလား(ဧရာဝတီ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်။ လူသစ်တန်းအထက်ပွဲစဉ်များတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည့် လက်ဝှေ့သမားများသည် လေးချီအထူးပွဲ၊ ငါးချီစိန်ခေါ်ပွဲ များ ထိုးသတ်ခဲ့ဖူးသူများ ဖြစ်သောကြောင့် ရိုးရာလက်ဝှေ့ပညာ အဆင့်မြင့်ကြပြီး ပရိသတ်အကြိုက် ထိုးလုံးသတ်ပေါက် ရှိကြသည်။ လူသစ်တန်းတွင်လည်း တောက်မည့် မီးခဲတရဲရဲ ဆိုသကဲ့သော လက်ဝှေ့သမားလေးများ ပါဝင်လာရာ မထင်မှတ်ဘဲ ပွဲကောင်းများ ဖြစ်နေသည်ကို တွေ့ရသည်။

ချီးမြှင့်

ယခုပြိုင်ပွဲကြီးကို ရိုးရာလက်ဝှေ့ ဝါသနာရှင်များအတွက် ဝင်ကြေးငွေကျပ် ၅၀၀မျှသာ သတ်မှတ်ထားကြောင်း သိရှိရပြီး ဒိုင်ဝတ်စုံများ၊ လက်ဝှေ့သမားဝတ်တီရှပ်များနှင့် အခြားလိုအပ်သော ကူညီပံ့ပိုးမှုများကို ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်းက ဆောင်ရွက်ပေးကာ လက်ဝှေ့ပွဲစဉ်တိုင်းကိုလည်း ဆုတော်ငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ။ **(မြန်မာ့အလင်း)**

အင်းမမြို့ အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ အထကတွင် ခေတ်အဆက်ဆက်က ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို (ဒီဇင်ဘာ၂၅)ရက် မွန်းတည့် ၁၂နာရီတွင် အင်းမမြို့ အထက သီတဂူခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

သက်ပြည့်အငြိမ်းစား ယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ အနေဖြင့် ဦးသိန်းအောင် (အင်းမ)ဖုန်း-၀၅၃-၃၈၄၀၀ လိုင်းခွဲ-၇၉၊ ဦးထွန်းဝင်း (အင်းမ) ဖုန်း-၀၉၅၃၁၂၁၄၈၊ ဦးမျိုးထွန်းအောင် ဖုန်း-၀၁-၅၈၆၉၁၈၊ ဦးသိန်းဆောင် ဖုန်း-၀၁-၂၂၁၇၇၆၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀-၄၂၆၂၂၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀-၀၂၉၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မှန်ကြိုင်-မှန်ရင်းလမ်း ကျောက်ချောခင်း

တန့်ဆည် နိုဝင်ဘာ ၂၂

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘဏ္ဍာရေးနှစ်အတွင်း မှန်ကြိုင်-မှန်ရင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးဌေးအား တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သထုံနာရီစင် ဆေးသုတ် မီးအလှတပ်ဆင်

သထုံ နိုဝင်ဘာ ၂၂

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့လယ်ရှိ နာရီစင်ဆေးသုတ်ခြင်းနှင့် မီးအလှ တပ်ဆင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၅ရက်က အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်သင်းစုက ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၄၊ အမှတ် ၄၆ ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၂

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၄၊ အမှတ်၄၆၌ ပြည်တွင်း စားသောက်ကုန်များ ကမ္ဘာ့ဈေးကွက်ထိုးဖောက်နိုင်ရန် ဈေးကွက်မြှင့်တင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီများ ထူထောင်မည်၊ မြန်မာ့အထည်ချုပ်လုပ်ငန်း အနေအထားကို အကောင်းဆုံးတွက်ဆကာ နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်မည်၊ လေဘေးသင့်ပြည်သူများအတွက် နေရောင်ခြည်စွမ်းအင်စနစ်ပါဝင်သည့် အဆင့်မြင့်နေအိမ်များ တည်ဆောက်ပေးမည်၊ ဆင်အစားအစာများ ရခိုင်ရိုးမတွင် စိုက်ပျိုးမည်၊ ထိုင်းတွင်ဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေးကြောင့် မြန်မာ-ထိုင်းနယ်စပ် မွေးမြူရေးလုပ်ငန်းများ သတိရှိရန် နှိုးဆော်၊ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်သူ အများစု သတ်မှတ်အရည်အချင်း ကိုက်ညီသော်လည်း အဆင်မပြေမှုများ ကြုံတွေ့နေစသည့် ပြည်တွင်းရေးရာ သတင်းများ နှင့်အတူ ''ကားပွဲစားများ နားနေသည်''၊ ပြည်တွင်းကားဈေးကွက် သုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

''အမေရိကန် အပြောင်းအလဲအပေါ်မှာ အီရန်နားလည်သဘောပေါက်မှာပါ''၊ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုလမ်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ငွေကြေးအကျပ်အတည်းနှင့်ပတ်သက်၍ အလျင်အမြန် အရေးယူဆောင်ရွက်ရန်စီမံ၊ ရုရှားက အမေရိကန်နှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်လို၊ ကမ္ဘာ့ရုပ်အဆိုးဆုံးဘွဲ့ရခွေး ကင်ဆာရောဂါဖြင့်သေဆုံး၊ မိန်းမတို့၏လက်များတွင် ဗက်တီးရီးယားများ ပိုမိုခိုအောင်းနေ၊ ဗီယက်နမ်က နှစ်နိုင်ငံသားဖြစ်မှုကို ခွင့်ပြုချက်အနေဖြင့်ခွင့်ပြု၊ ဟောလိဝုဒ်က တောရွာနှင့်မြို့ငယ်လေးများမှ ယောကျာ်းလေးနှင့် မိန်းကလေးများအား ကျော်ကြားမှုအလင်းရောင်ကို ထွန်းညှိပေးနေ၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းမှ ဆင်းရဲသားတို့ အကျိုးအမြတ်ရနိုင်၊ ဒိန်းမတ်လူမျိုး စုံတွဲတစ်တွဲက မပြီးဆုံးနိုင်သော မင်္ဂလာပွဲကိုကျင်းပစသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ပန်းဂေါ်ဖီ၊ ဆလတ်ရွက်နှင့် အခြားကယ်လ်ဆီယမ်ဓာတ်ပါရှိသော ဟင်းသီးဟင်းရွက်များကို နေ့စဉ်စားသုံးပေးခြင်းသည် အသက်အရွယ်ရလာသည့်အခါ သွေးပေါင်ချိန် မြင့်တက်မှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

လေ့ကျင့်ခန်းပြုလုပ်

သွေးပေါင်ချိန် မြင့်တက်သူများအနေဖြင့် ပုံမှန်နေ့စဉ် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပြီး အနည်းဆုံး သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် ဟင်းသီးဟင်းရွက်စားခြင်းသည် သွေးနှင့်ပတ်သက်သော ရောဂါများမဖြစ်ပွားအောင် ကာကွယ်ခြင်းတစ်ရပ်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ကာ ကယ်လ်ဆီယမ် အပြည့်အဝပါရှိသော အသီးအရွက်များ စားသုံးပေးခြင်းသည် အသက်ရှည်ကျန်းမာခြင်းဖြစ်စေသည့် အချက်တစ်ရပ်ဖြစ်ကြောင်း သိရသည်။ ။

* ရှေ့ဖုံးမှ

၁၄-၁၁-၂၀၀၈ ရက်က ဖြစ်သည်။

သတင်းအဖွဲ့သည် ရေကြောင်းဖြင့် ကော့သောင်းမြို့သို့ ခရီးဆက်ရန် နံနက် စောစောကပင် မြိတ်မြို့ ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ဆိုက်ကပ်

အချိန်ကား နံနက် ၉နာရီပင် ထိုးပြီ ဖြစ်သည်။ ထားဝယ်မှလာသော ရောနဒီအမည်ရှိရုပ်ပြေးအမြန်ယာဉ်ကြီးသည် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ထားဝယ်မှ ပါသော ခရီးသည်များ သင်္ဘောဝမ်းဗိုက်ထဲတွင် ထိုင်ခုံအပြည့်၊ လူအပြည့်နေရာယူထားကြသည်။ သင်္ဘောခေါင်မိုးပေါ်တွင်လည်း ကော့သောင်းသို့ လိုက်ပါမည့် ခရီးသည်အချို့ တွေ့ရသည်။ အချို့မှာ မြိတ်မြို့ ဆိပ်ကမ်း၌ ဆင်းနေခဲ့သည်။

ဦးတည်ထွက်ခွာ

ရောနဒီရေယာဉ်ကြီးသည်လည်း မြိတ်မြို့ဆိပ်ကမ်းမှ စတင်ထွက်ခွာလေတော့သည်။ မြိတ်မြို့နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော ပထက်ကျွန်းကို ဝိုက်ကာ ပင်လယ်ပြင်သို့ ဦးတည် ထွက်ခွာလာသည်။ နာရီအချိန်အတန်ကြာသော် မြိတ်မြို့သည်လည်း မြင်ကွင်းမှကွယ်ပျောက်သွားပြီ ဖြစ်သည်။ ကျွန်းစုကျွန်းငယ်များ အဝေးမှပင် မြင်နေရသည်။ လှိုင်းများသည်လည်း တဖြည်းဖြည်းကြီးလာသည်။ သို့သော်အရှိန်အဟုန်ဖြင့် ခုတ်မောင်းနေသော သင်္ဘော၏ ဦးခေါင်းပိုင်းက လှိုင်းများကို ကျော်ဖြတ်ကာ ထွက်ခွာခဲ့ပြီ ဖြစ်သည်။ တစ်ခါတစ်ရံ သင်္ဘောခုတ်မောင်းနေသော အရှိန်ကြောင့် လွင့်စဉ်လာသော ပင်လယ်ရေများကတစ်စက်စနှစ်စက်စ ပါးစပ်အတွင်း ဝင်လာသည်။ ငန်ကျိကျိ အရသာရှိသည်။ ပင်လယ်ပြင်၏ အေးမြသော လေထုကြောင့် ချမ်းစိမ့်စိမ့် ရှိလှသည်။ အချိန်သည် ကြာလာသည်နှင့်အမျှ ကမ်းခြေများ၊ ကျွန်းများ မတွေ့ရတော့။ ကောင်းကင်နှင့် ရေပြင်နှစ်ခုသာ တွေ့ရတော့သည်။

ခုတ်မောင်း

အချိန်သည်ကား ညနေပင် စောင်းနေပေပြီ။ ကော့သောင်းသို့ ရောက်ခါနီး၍ ကျွန်းများကို တွေ့ရသည်။ ခရီးသည်တင်သင်္ဘောကြီးသည် မြောက်မှတောင်သို့ ခုတ်မောင်းနေသည်။ အရှေ့ဘက်တွင် တနင်္သာရီရိုးမ၏တောင်ရိုးတောင်စွယ်များနှင့် ကျွန်းများကို တွေ့ရသည်။ အနောက်ဘက်တွင် ပင်လယ်ပြင်ကြီးအတွင်း ငါးဖမ်းထွက်လာသော စက်လှေများကို တွေ့ရသည်။

သူဌေးကျွန်း

ကော့သောင်းမြို့နှင့် အနီးဆုံးကျွန်းဖြစ်သော သူဌေးကျွန်းကိုလည်း အဝေးမှပင် မြင်တွေ့နေရသည်။သူဌေးကျွန်းပေါ်တွင် ဟိုတယ်တစ်ခု ရှိသည်။

“ဟော-တွေ့ရပါပြီကော ကော့သောင်းမြို့မြင်ကွင်း” ရွှေရောင် တဖိတ်ဖိတ် တောက်ပနေသော စေတီတစ်ဆူ၏အောက်တွင် သစ်လွင်လှပနေသည့် နေအိမ် တိုက်တာများကို တွေ့လိုက်ရသဖြင့် အေးချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှုနှင့် စည်ပင်ဝပြောမှု အတိတ်နိမိတ်ကို ဆောင်နေသည်။ ဝါရင့် ဓာတ်ပုံသတင်းထောက်ကြီး ဦးအောင်သန်း (အောင်သန်း- မင်္ဂလာတောင်ညွန့်)က ကော့သောင်းမြို့၏ အလှအပ ရှုခင်းများကို အကောင်းဆုံး ဖော်ပြနိုင်ရန် သင်္ဘောခေါင်မိုးပေါ်မှ အမိအရ မှတ်တမ်းတင်နေသည်။ မကြာမီ သင်္ဘောကြီးလည်း ဆိပ်ကမ်းသို့ ဆိုက်ကပ်လေသည်။

စစ်ဆေး

သင်္ဘောဆိပ်တွင် လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိသူများ၊ အကောက်ခွန်နှင့် ရဲတပ်ဖွဲ့ဝင်များက ခရီးသည်များအားစစ်ဆေးသည်။နယ်စပ်မြို့ဖြစ်ခြင်းကြောင့်တရားမဝင် တစ်ဖက်နိုင်ငံသို့ မှောင်ခိုသွားရောက်ခြင်း မပြုနိုင်ရေး စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

စည်ကား

ရန်ကုန်မြို့တွင် ခရီးသည်ရထားဆိုက်ချိန်တွင် အငှားကားတက္ကစီများ စောင့်ဆိုင်းနေသလို ကော့သောင်းမြို့တွင် ဆိုင်ကယ် တက္ကစီများနှင့် ခရီးကြိုဆိုသူများဖြင့် တိုးမပေါက်အောင်များပြားစည်ကားနေသည်။

ကော့သောင်းအဝင် ဆိပ်ကမ်းတွင် တိုက်တိုက်ဆိုင်ဆိုင် ရဲမှူး အောင်မြင့်ထွန်းနှင့် တွေ့သည်။ ရဲမှူးအောင်မြင့်ထွန်းဆိုသူမှာ သတင်းအဖွဲ့ ကော့သောင်းမြို့သို့ ရောက်လျှင် လိုအပ်သည်များ ကူညီပေးနိုင်ရန် မြိတ်မြို့ ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ကြင်သိန်းက ရေးသားပေးလိုက်သူ ဖြစ်သည်။

ဤသို့ဖြင့် ရဲမှူးအောင်မြင့်ထွန်း၏ စီစဉ်ပေးမှုဖြင့် ခရိုင်ရုံးသို့ ရောက်ရှိခဲ့သည်။ ခရိုင်ရုံး၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် တွေ့သည်။ သတင်းအဖွဲ့က ဦးအောင်ထွန်းသိန်းအား ကော့သောင်းမြို့သို့ လာရောက်ရသည့် အကြောင်းရင်းနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

စီစဉ်

မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းက ဌာနဆိုင်ရာ ဦးစီးမှူးများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ကူညီပေးရန် အမြန်ဆုံး စီစဉ်ပေးသည်။

သတင်းအဖွဲ့အား နောက်တစ်နေ့တွင် မြို့နယ်ဥက္ကဋ္ဌဦးအောင်ထွန်းသိန်း ကိုယ်တိုင်လိုက်ပါလျက် ကော့သောင်းမြို့၏ ဖွံ့ဖြိုးစည်ပင်နေပုံများကို ပြသရန် နံနက် ၈ နာရီကပင် တည်းခိုရာ တနင်္သာရီတိုင်းအင်းမှ စတင်ထွက်ခွာလာသည်။

ကောင်းမွန်

ကော့သောင်းမြို့သည် တောင်နှစ်လုံးပေါ်တွင်တည်ထားခြင်းကြောင့် အတက် အဆင်းများသည်။ သို့သော် လမ်းများမှာ အလွန်ပင်ကောင်းမွန်လှသည်။ လမ်းများ ပျက်ရာ၊ ဖာရာများ မရှိအောင် ကောင်းမွန်လှသည်။ ကော့သောင်းမြို့တွင် မြိတ်မြို့ကဲ့သို့ ဆိုင်ကယ်စီးသူများပြားသည်။ ကော့သောင်းကို ရှေးယခင်က ကော့စွန်းဟုခေါ်သည်။ ကော့ဆိုသည်မှာ ကျွန်းဟု အဓိပ္ပာယ်ရပြီး စွန်းကို နှစ်ဟု ခေါ်သည်။ ကျွန်းနှစ်ကျွန်းကို ဆက်သွယ်ထားသည့်မြို့ဟု အဓိပ္ပာယ်ရသည်။

ငါးအဝယ်ဒိုင်

ရှေးဦးစွာ ဝင်ရောက်လေ့လာခဲ့သော ဌာနမှာ ကမ်းနီးငါးအဝယ်ဒိုင်ဖြစ်သည်။ ယင်းငါးအဝယ်ဒိုင်တွင် ကုမ္ပဏီ ၂၀ရှိသည်။ ယင်းကုမ္ပဏီများက ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သောရေလုပ်သားများထံမှငါးများဝယ်ပြီး Export တင်ပို့နေခြင်းဖြစ်သည်။ ကုမ္ပဏီများ အနေဖြင့် ရေလုပ်သားများထံမှ ငါးများကို ဝယ်ရုံသက်သက် မဟုတ်ဘဲ ပင်လယ်ပြင်သို့ မထွက်မီ လိုအပ်သည့် ပိုက်နှင့် ရေလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် ငွေထုတ်ချေးပေးနေရသည်ဟုဆိုသည်။ယင်းကမ်းနီးငါးအဝယ်ဒိုင်စခန်း၌ ပင်လယ်ပြင်ငါးဖမ်းစက်လှေအစင်း ၁၅၀၀ ရှိကြောင်း သိရသည်။ ၄င်းဆိပ်ကမ်း၌ ကုမ္ပဏီများက ရေလုပ်သားများထံမှ ဝယ်ယူရရှိသော ငါးများကို ရေခဲ ရိုက်ပြီး တစ်ဖက်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ ထိုသို့ တင်ပို့နိုင်ရန် ယင်းဆိပ်ကမ်း၌ One Stop Service ကို ဖွင့်လှစ်ထားသည်။ One Stop Service ဆိုသည်မှာ ငါးပုစွန်များ တင်ပို့ရန် လဝက၊ငါးဦးစီး၊ အကောက်ခွန်၊ နယ်စပ်ကုန်သွယ်ရေးနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က တစ်နေရာတည်းတွင် လိုအပ်သည်များ အမြန်လုပ်ကိုင်ပေးခြင်းဖြစ်သည်။

ရေထွက်ပစ္စည်းများကို ကော့သောင်း ဆိပ်ကမ်းမှ ယခုနှစ်အတွင်း ငါးတန်ချိန် ၁၃၁၈၀ဒသမ ၆၉၄ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇ဒသမ ၄၆၄ သန်းရရှိခဲ့သည်ဟု ဆိုသည်။

ထိုမှ ဆက်လက်၍ သတင်းအဖွဲ့သည် နယ်စပ်စစ်ဆေးရေး ဂိတ် Check Pointသို့ လည်း သွားရောက်လေ့လာခဲ့သည်။ ယင်း Check Point သည် မြေကျွန်း၌ရှိသည် ကော့သောင်းမြို့မှ မြို့သူ မြို့သားများ၊ ထိုင်းနိုင်ငံ ရနောင်းမြို့မှ ဒေသခံများ အပြန်အလှန် စက်လှေများဖြင့် သွားလာလျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့ သွားလာရာတွင် မြန်မာနိုင်ငံဘက်မှ ကော့သောင်း မြို့သူ မြို့သားများကိုသာ သွားလာခွင့်ပြုသည်။

ဈေးသစ်ကြီး

တစ်ဖန် ၁၉၈၈ခုနှစ် နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ကော့သောင်းမြို့မ ဈေးသစ်ကြီးကိုလည်း သွားရောက်လေ့လာခဲ့သည်။ ယင်းဈေးသစ်ကြီးကို ၂၀၀၇ ခုနှစ် မေလက ဖွင့်လှစ်ခဲ့ကြောင်း ကော့သောင်းမြို့ နယ်စပ်စည်ပင်မှဦးကျော်ဌေးက ရှင်းပြသည်။

ဈေးကြီးအတွင်း အီလက်ထရွန်နစ် ပစ္စည်းအမျိုးမျိုးနှင့် အဝတ်အစားအမျိုးမျိုးရောင်းချနေသည်မှာ ရန်ကုန်မြို့ကို ဗိုလ်ချုပ်ဈေးနှင့် မင်္ဂလာဈေးများကဲ့သို့ ဖြစ်သည်။

သတင်းအဖွဲ့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဒု-ဦးစီးမှူး ဦးမင်းလွင်တို့၏ ဦးဆောင်မှုနှင့်အတူ ကော့သောင်းမြို့၏ အမြင့်ဆုံးတောင်ဖြစ်သည့် ငါးသုံးလုံးတောင်သို့ တက်ရောက်ခဲ့သည်။ ယင်းတောင်သည် အမြင့်၅၅၅ပေမြင့်သည်။

တောင်ထိပ်သို့ ရောက်သည်ဆိုလျှင်ပင် ကော့သောင်းမြို့၏ စည်ပင်တိုးတက်နေသည့်မြင်ကွင်းကို အပေါ်စီးမှ တွေ့ရသည်။ ကော့သောင်းမြို့နေ ဆလုံကျွန်း၊ သူဌေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ခရုကျွန်းနှင့် မင်းလှကျွန်းတို့က ဝန်းရံထားသည်။ အရှေ့ဘက်တွင် ရနောင်းမြို့ကို အဝေးမှ တွေ့ရသည်။ နှစ်နိုင်ငံအကြား ပါချန်မြစ်က ပိုင်းခြားထားသည်။

ထပ်ဆင့်လွှင့်စက်ရုံ

ယင်း ငါးသုံးလုံးတောင်ထိပ်၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ရှိသည်။ ကော့သောင်းမြို့ မြို့ပေါ် ၁၀ရပ်ကွက်နှင့် ကျေးရွာများသို့ မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့ကို ထပ်ဆင့်လွှင့်ပေးနေ ကြောင်း စက်ရုံ တာဝန်ခံ ဦးရန်နိုင်ဦးက ပြောကြားသည်။

ကော့သောင်းမြို့နယ် အတွင်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံငါးခုရှိသည်။ ယင်းတို့မှာ ကော့သောင်း၊ ခမောက်ကြီး၊ မာရမ်း၊ ချန်ဖန်းနှင့်မလိဝမ်းတို့ ဖြစ်သည်။ မလိဝမ်းမှာ ဆောက်လုပ်ဆဲဖြစ်ကြောင်း သိရသည်။

ခံ့ညားလှပ

ထိုမှ ဆက်လက်၍ ကော့သောင်း လေဆိပ်ကြီးသို့လည်း သွားရောက်လေ့လာခဲ့သည်။လေဆိပ်ကြီးသည် သန့်ရှင်းသပ်ရပ်ပြီး ခံ့ညားလှပနေသည်။ ခရိုင်အဆင့် လေဆိပ်ကြီးများတွင် အကောင်းဆုံး လေဆိပ်ကြီးဖြစ်ကြောင်း သိရသည်။ ယင်းလေဆိပ်သို့ မြန်မာ့လေကြောင်းမှ နေ့စဉ် တိုက်ရိုက်ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း၊ အဲမန္တလေး၊ ရန်ကုန်အဲယားဝေးနှင့် အဲပုဂံတို့ကလည်း တစ်ပတ်လေးကြိမ်စီကျွန်းပတ်ပြေးဆွဲပေးနေကြောင်း လေဆိပ်တာဝန်ခံ ဦးကျော်အေးမော်က ရှင်းပြသည်။

အဆိုပါ လေဆိပ်ကြီးကို ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ လေဆိပ်သွားရာ လမ်းဘေးတစ်နေရာတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ GSM ရေဒီယို စခန်းတစ်ခု တည်ဆောက်လျက်ရှိသည်။

ယခုနှစ်အတွင်းGSM တယ်လီဖုန်းများ ကော့သောင်းမြို့ အတွင်း ချပေးနိုင်ရန် အမြန်တည်ဆောက်နေကြောင်း သိရသည်။

ကော့သောင်းမြို့တွင် ပညာရေးနှင့်ပတ်သက်ပြီး အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်းနှင့် ကျေးရွာတိုင်းနီးပါး မူလတန်းကျောင်းရှိကြောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပြောကြားသည်။

ကြီးပွားတိုးတက်

တစ်ဖန် ကော့သောင်းမြို့အနီး ပုလုံးတုံးတုံး ကမ်းခြေသို့လည်း သွားရောက်လေ့လာခဲ့သည်။ ယင်းကမ်းခြေတွင် ခရီးသွားများ နေ့စဉ်လာရောက် လည်ပတ်လျက်ရှိသည်။ ပုလုံးတုံးတုံး ကျေးရွာသည် ရွာဟုဆိုသော်လည်း ဒေသခံများ ရေလုပ်ငန်းဖြင့် ကြီးပွားတိုးတက်လာခြင်းကြောင့် တိုက်တာ နေအိမ်များဖြင့် နေနိုင်ကြသည်ကို တွေ့ရ၍ မြို့ပေါ်ရပ်ကွက်သဖွယ် ဖြစ်နေသည်။ အချို့မှာ တိုက်အိမ်များ ဆောက်လုပ်ကြဆဲ ဖြစ်သည်။ ကော့သောင်းမြို့ စည်ပင် ဖွံ့ဖြိုးလာခြင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် တွေ့ရသည်။

တစ်ဖန်ကော့သောင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့လည်း သွားရောက်လေ့လာခဲ့သည်။ ယင်းဆေးရုံကြီးမှာ ခုတင်-၁၀၀ဆံ့ ဆေးရုံကြီးဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဆေးရုံကြီး၌ ခွဲစိတ်ကုသဌာနနှင့် သားဖွား မီးယပ်ဌာနများရှိကြောင်း ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဤသို့ဖြင့်သတင်းအဖွဲ့၏ ကော့သောင်းမြို့ လေ့လာခြင်း ပထမရက် ပြီးဆုံးခဲ့သည်။ ကော့သောင်းမြို့၏ ရှုခင်း၊ ကော့သောင်းမြို့၏ တိုးတက်မှု အဖုံဖုံကို မြင်တွေ့ခဲ့ရပြီဖြစ်သဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်း တိုးတက် ပြောင်းလဲလာသော ကော့သောင်းမြို့ သို့မဟုတ် ကော့သောင်း တစ်ခွင်ဖွံ့ဖြိုးစည်ပင်ဟုပင် ဆိုလိုက်ချင်ပါသည်။ ။

(မြန်မာ့အလင်း)

သန့်ရှင်းသပ်ရပ် ခံ့ညားလှပနေသည့် ကော့သောင်းလေဆိပ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ တစ်မှတ်စီသာရရှိ အာကြီးတို့ အဝေးကွင်း၌ သုံးဂိုးပြတ်ရှုံးနိမ့်

မောင်ချစ်ကြည် စုစည်းရေးသားသည်

လန်ဒန် နိုဝင်ဘာ ၂၂

ပရီမီယာလိဂ်ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၂ရက်၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ အသင်းကြီးများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ သရေပွဲများရရှိအောင် အကြိတ်အနယ် ကြိုးစားခဲ့ရသော်လည်း အာဆင်နယ်တို့အဝေးကွင်း၌ မန်စီးတီးကို သုံးဂိုးပြတ်ဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရပြန်သည်။

မန်စီးတီးနှင့် အာဆင်နယ်

ဗန်ပါစီနှင့် ဘင့်တနာ တိုက်စစ်အတွဲဖြင့် ပွဲထုတ်လာသော အာဆင်နယ်တို့ အိမ်ရှင်မန်စီးတီးကို ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့် အခွင့်အရေးကောင်းများ မရရှိခဲ့ချေ။ ဇက်ဆဲလ်၊ အမ်ဝါဂူဝါရီ၊ ရော်ဘင်ဟို၊ ရိုက်ဖီးလစ်နှင့် အိုင်ယာလန်တို့ဖြင့် အင်အားပြည့်ထုတ်သုံးခဲ့သော မန်စီးတီးသည် အိမ်ကွင်း၌ အဖွင့်ဂိုးရအောင် ကြိုးစားခဲ့ရာ ပွဲချိန်၄၅မိနစ်၌ မန်စီးတီးကွင်းလယ်ကစားသမား အိုင်ယာလန်က အာဆင်နယ် ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် ကန်သွင်းခဲ့သဖြင့် ဂိုးရရှိခဲ့သည်။

မန်စီးတီးနှင့် အာဆင်နယ်တို့ပွဲတွင် မန်စီးတီး ကွင်းလယ်ကစားသမား အိုင်ယာလန်(ယာ)ဤသို့ အဖွင့်ဂိုးသွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်းထိထိရောက်ရောက် မထိုးဖောက်နိုင်ဘဲရှိနေရာ ၅၆ မိနစ်၌ မန်စီးတီး ကွင်းလယ်တိုက်စစ်မှူး ရိုက်ဖီးလစ်ဖြတ်ပေးလိုက်သည့် ဘောလုံးကို ရော်ဘင်ဟို ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် မန်စီးတီးတို့ ဒုတိယဂိုး ရရှိခဲ့ပြန်သည်။ မန်စီးတီးအသင်း ဆက်တိုက် ထိုးဖောက်ကစားခဲ့ရာ မိနစ်၉၀၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် မန်စီးတီးမှ ဒန်နီရယ်စတုရစ် ကန်သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ချယ်လ်ဆီးနှင့် နယူးကာဆယ်

ဂျိုးကိုးလ်၊ အနယ်လ်ကာနှင့် မာလူဒါတို့ တိုက်စစ်အတွဲကို ထူးထူးခြားခြား ပွဲထုတ်ခဲ့သော နည်းပြစကိုလာရီ၏ ဗျူဟာလည်း အောင်မြင်မှု မရရှိခဲ့ချေ။ ဧည့်သည် နယူးကာဆယ်တွင် အိုဝင်နှင့် မာတင်တို့ ချယ်လ်ဆီးနောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းခွင့် အခွင့်အရေးများမရရှိဘဲ ဖြစ်ခဲ့ရသည်။ ချယ်လ်ဆီးတို့က ဂိုးသွင်းခွင့် အခွင့်အရေး အကြိမ်၃၀ခန့် ရရှိပြီး အပိုင်ကန်သွင်းခွင့် ကိုးကြိမ်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် တစ်ဂိုးမျှ မသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့ရပြီး ချယ်လ်ဆီးတို့ အိမ်ကွင်း၌ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ထိုးဖောက်ကစား

လီဗာပူးနှင့် ဖူလ်ဟမ် တို့ပွဲတွင် လီဗာပူး တိုက် စစ် မှူး တော ရက်စ် ဂိုး ရရှိရေး ဤသို့ ထိုးဖောက်ကစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

လီဗာပူးနှင့် ဖူလ်ဟမ်

လီဗာပူးတို့ အိမ်ကွင်း၌ ဧည့်သည် ဖူလ်ဟမ်ကို အပေါ်စီးမှ မကစားနိုင်ခဲ့ချေ။ တောရက်စ်၊ ရော်ဘီကိန်း၊ ဒရတ်ကွတ် စသည့် အမာခံ ဘောလုံးသမားများ အကုန်ထည့်သွင်းစေခဲ့သော်လည်း တစ်ဂိုးမျှမသွင်းခဲ့ချေ။ လီဗာပူးတို့ အိမ်ကွင်း၌ ၁၄ ကြိမ် ထိုးဖောက်ကစားခဲ့ပြီး အပိုင်ကန်သွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ချေ။ ဖူလ်ဟမ်တို့က လီဗာပူးကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့၍ သရေပွဲရလဒ်နှင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

မစ်ဒယ်ဘရော့	၁-၃	ဘော်လ်တန်	ပို့စ်မောက်	၂-၂	ဟူးလ်စီးတီး
စတုတ်	၁-၀	ဝက်စ်ဘရွန်း	ဗီလာ	၀-၀	မန်ယူ

(အင်တာနက်)

အမျိုးသားရေးတာဝန်ကျေပွန်မည့် အမျိုးသားရေးအင်အားစု

မြန်မာနိုင်ငံသို့ စီးပွားရေး၊ နိုင်ငံရေးအလိုရမ္မက်များဖြင့် ကျူးကျော်တိုက်ခိုက်ခဲ့သဖြင့် ပထမအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲကြီး ၁၈၂၄ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည်။ ယင်းစစ်ပွဲအပြီး ရခိုင်နှင့်တနင်္သာရီကို ၁၈၂၆ ခုနှစ်မှ စတင်သိမ်းပိုက်ခဲ့ကြသည်။ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ်တို့ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြန်သည်။ ၁၈၈၅ခုနှစ်တွင် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီး အထက်မြန်မာနိုင်ငံအပါအဝင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြု သွေးစုပ်ခြယ်လှယ် ဖိနှိပ်ခဲ့ကြသည်။

နယ်ချဲ့တို့က မြန်မာ့လွတ်လပ်ရေး(ဝါ)မြန်မာ့အချုပ်အခြာအာဏာ၊ မြန်မာ့ရေမြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ မှန်သမျှတို့ကို သွေးစုပ်ဝါးမျိုခဲ့သည့် ကျွန်ဘဝ နှစ် ၁၀၀ကျော်ကာလ တစ်လျှောက် မြန်မာနိုင်ငံကို ဗြိတိသျှဘားမား British Burma ဟုပင် ခေါ်ခဲ့သည်။

အရင်းရှင်နယ်ချဲ့ဝါဒီတို့က သူတစ်ပါးနိုင်ငံမှ သယံဇာတ မနဉစ္စာများ၊ ထွက်ကုန်သီးနှံများ၊ သစ်တောနှင့် ရေနံများ၊ ရွှေငွေကျောက်မျက် ရတနာများကို လောဘဇောတိုက်ပြီး ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။ သိမ်းပိုက်ကျွန်ပြုခံ နိုင်ငံများအား ကြံရည်ကြိတ်သည့်ပမာ သိမ်းပိုက်ခံနိုင်ငံများမှ သယံဇာတများ၊ ထွက်ကုန်များ အကုန်ထုတ်ယူကြသည်။

မြန်မာတို့မြေသည် ဥတုရာသီက ကောင်းမွန်မျှတ၊ သဘာဝဘေး အန္တရာယ်ကျရောက်မှုကလည်း အနည်းဆုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတလည်း အလျှံပယ်ထွက်၊ စိုက်ပျိုးရေ၊ သောက်သုံးရေကလည်း ပြည့်စုံသဖြင့် ပြည်သူတို့ ချောင်ချောင်လည်လည် နေနိုင်ရုံမျှမက ချမ်းချမ်းသာသာအဆင့်သို့ပင် လှမ်းတက်နိုင်သော အရင်းအမြစ်၊ အခြေခံကောင်းများ လုံလောက်သည်ထက်ပင် ပိုရှိခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ရေကောင်း၊ မြေကောင်း၊ သယံဇာတ ကောင်းများဖြင့် ညီညာဖြဖြ ဝိုင်းဝန်းကြိုးပမ်းကြလျှင် စီးပွားဖွံ့ဖြိုး၊ အေးချမ်းသာယာဝပြောခြင်းတည်းဟူသော လွတ်လပ်ရေး အရသာကို မြိန်မြိန်ရှက်ရှက် ခံစားကြရုံသာရှိတော့သည်။

လွတ်လပ်ရေးပြန်လည်ရရှိစအချိန်မှာပင် နိုင်ငံရေးအယူဝါဒမျိုးစုံ ရောလိမ်ယှက်ထွေးလာသဖြင့် အချင်းချင်း ဝါဒကွဲ၊ အယူကွဲ၊ ပါတီကွဲ၊ အုပ်စုကွဲကာ သူ့ဝါဒက အမှန်ဆုံး၊ ကိုယ့်ဝါဒက အကောင်းဆုံး စသည်ဖြင့် "ငါစွဲ"ကြီးလာသည်။ အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်လာကြသည်။ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီးတွင် အချင်းချင်း သူ ကိုယ့်သတ်၊ ကိုယ် သူ့သတ် ဖြစ်လာကြသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်က အခိုင်အမာရှိခဲ့သော အမျိုးသားညီညွတ်ရေး၊ အမျိုးသားအကျိုးစီးပွား အတွက် စေတနာတူညီစွာထားရှိမှု၊ အမျိုးသားစိတ်ဓာတ်များ မှေးမှိန် လျော့ပါးသွားခဲ့သည်။

မိမိတို့ဝါဒ၊ မိမိတို့ခေါင်းဆောင်၊ မိမိတို့ပါတီသည် အကောင်းဆုံး ဖြစ်၍ မိမိတို့ပါတီ အာဏာရမှဖြစ်မည်ဟူသော အာဏာစွဲ၊ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ကျဉ်းမြောင်းသော လူမျိုးစွဲတို့နှင့် ပူးကပ်ယှက်နွယ်လာသည်။ ဤသို့ဖြင့် ပြည်သူ့မျက်နှာကို မကြည့်ဘဲ မိမိတို့ ပါတီအကျိုးကိုသာ တည့်တည့်ရှုလာကြတော့သည်။

လွတ်လပ်ရေးလမ်းစဉ်၊ ပြည်သူလူထုကောင်းစားရေးလမ်းစဉ်ကို ကျောခိုင်းပြီး အချင်းချင်း ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အာဏာစွဲတို့ဖြင့် တိုက်ခိုက်လာခဲ့ကြရာ ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ တွက်ကြည့် လျှင်ပင် နှစ်ပေါင်း ၄၀ရှိခဲ့ပြီး ယနေ့တိုင် ပြည်ပအားကိုး ပုဆိန်ရိုးဘဝ၊ အမျိုးသားသစ္စာဖောက်ဘဝဖြင့် ဆက်လက် သောင်းကျန်းနေသော လက်ကျန်သောင်းကျန်းသူ အဖွဲ့အစည်းအပိုင်းအစများက ပြည်သူကို ဖောက်ခွဲတိုက်ခိုက် သတ်ဖြတ် ဒုက္ခပေးကြသည်။ ယနေ့ကာလအထိပါ ထည့်တွက်လျှင် ပြည်တွင်းသောင်းကျန်းမှုဒဏ် ပြည်သူတို့ခံကြရသည်မှာ နှစ်ပေါင်း ၆၀ကျော်တိုင်ခဲ့ပြီ။ သူ့ကျွန်ဘဝ ခံစားခဲ့ကြရသော ဒုက္ခ၊ အနိဋ္ဌာရုံများ၊ လူလုံးမလှနေခဲ့ရသော ကာလများက နှစ် ၁၀၀ကျော်၊ ပြည်တွင်းသောင်းကျန်းမှုက နှစ်ပေါင်း ၆၀ကျော် ပြည်သူတို့ နယ်ချဲ့ဒဏ်၊ သောင်းကျန်းမှုဒဏ်ခံခဲ့ရပြီဟု ဆိုရပေမည်။

ဤသို့ ရာစုနှစ်ပေါင်း နှစ်ခုနီးပါး ဒုက္ခသုက္ခမျိုးစုံ ခံစားရသော ပြည်သူများကို ငဲ့ကွက်သည့် မျိုးချစ်ပြည်ချစ်များလည်း တစ်ဖက်တွင် ရှိနေခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမ၊ ဒုတိယ၊ တတိယစစ်ပွဲကာလ တစ်လျှောက် ရရာလက်နက်စွဲကိုင်ပြီး သူ့ကျွန်မခံစိတ်ဖြင့် တွန်းလှန် တိုက်ခိုက်ခဲ့သော တိုင်းရင်းသားစုံ တော်လှန်ရေးသမား၊ မျိုးချစ်များသည် ပြည်သူ့မျက်နှာကို ထောက်ထားသော အမျိုးသားရေးဝါဒီ(ဝါ)အမျိုးသား နိုင်ငံရေးဝါဒီများ ဖြစ်ကြသည်။

လွတ်လပ်ရေးဆုံးရှုံးသည်မှ လွတ်လပ်ရေးပြန်လည်ရသည်အထိ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ် လက်ကိုင်ထားကာ မြန်မာတို့ မူလပိုင်ဆိုင်သည့် အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို ပြန်လည်ရယူပေးခဲ့ကြသော တိုင်းရင်းသား မျိုးချစ်အားလုံးသည်လည်း အမျိုးသားနိုင်ငံရေး လမ်းကြောင်း၏ တန်ဖိုးကို ကိုယ်တိုင်သိပြီး ကိုယ်တိုင်ပါဝင်လျှောက်လှမ်း ခဲ့ကြသူများ ဖြစ်လေသည်။

အမျိုးသားစည်းလုံးညီညွတ်ရေး (ဝါ) တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပြန်လည်ရယူတည်ဆောက်ပြီး အချင်းချင်း သံသယစိတ်၊ အာဃာတစိတ်များ ပပျောက်ကာ ပြည်တွင်းငြိမ်းချမ်းမှု အရယူခဲ့သော ယနေ့ မျိုးချစ် ပြည်ချစ်အင်အားကြီးတွင် တပ်မတော်၊ တိုင်းရင်းသား ပြည်သူများ အင်နှင့်အားနှင့် ပါဝင်ကြသည်။ တိုင်းရင်းသား ပြည်သူများ ဆိုရာ၌ အလုပ်သမား၊ တောင်သူလယ်သမား၊ အသိပညာရှင်၊ အတတ် ပညာရှင်၊ ကျောင်းသားလူငယ်၊ အမျိုးသမီးများပါဝင်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှ အသင်းဝင်ပေါင်း ၂၄သန်းကျော် တို့လည်း အကျုံးဝင်သည်။

အိမ့်ဒါလီမွန်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမည်နာမနှင့် အနက်အဓိပ္ပာယ်ကပင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပြည်ထောင်စု ဂေဟာကြီးနှင့်တူသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရ ကြံ့ကြံ့ခိုင်တည်တံ့နေစေရေးကို ဦးတည်ထားသော အဖွဲ့မှန်း ထင်သာစေပေ သည်။ ပြည်ထောင်စုကြီး ကြံ့ကြံ့ခိုင်တည်တံ့နေပြီဆိုကတည်းက တိုင်းရင်း သားပြည်သူများ စည်းစည်းလုံးလုံးရှိနေသည့်သဘော၊ ပြည်ထောင်စုသား အားလုံးသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံသားများ ဖြစ်ကြောင်း အဓိပ္ပာယ်ဆောင်ပြီး ဖြစ်ပေသည်။

"ဖွံ့ဖြိုးရေး"ဟူသည် ပြည်သူများ ဘဝအနေတင့်ကာ အခြေမြင့် စေသည်။ လူနေမှုအဆင့်အတန်းရရှိအောင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးရမည်၊ တိုးတက်ကြီးပွားရမည် ဟူသည်ကို ရည်ညွှန်းပေသည်။ စီးပွားရေး အဆောက်အအုံသည် နိုင်ငံတော်၏ အခြေခံအဆောက်အအုံဖြစ်ပေသည်။ အခြေခံအဆောက်အအုံတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆက်စပ်သည့် သယ်ယူ ပို့ဆောင်ရေး (လမ်း၊ တံတား၊ ရထားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်စသည့်)၊ ကူးသန်းရောင်းဝယ်ရေး၊ ကူးသန်းရောင်းဝယ်ကြရမည့် ပစ္စည်း (ထုတ်ကုန်များဖြစ်သည့် စက်မှုလုပ်ငန်း စက်ရုံထွက်ကုန်ပစ္စည်း)၊ လယ်ယာစိုက်ပျိုးရေးနယ်ပယ်မှ စိုက်ပျိုးဖြစ်ထွန်းသော သီးနှံ (စပါး ကောက်နှံ)တို့ကို တိုးပွားလာစေရန် စက်မှုလယ်ယာလုပ်ငန်း၊ စက်ရုံများ တည်ထောင်ခြင်း၊ လျှပ်စစ်ဓာတ်အား၊ ရေနံ၊ သဘာဝဓာတ်ငွေ့များ ဖြည့်ဆည်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ထွန်းစေရန် ပညာရေး၊ ကျန်းမာရေးတို့ဖြင့် ပျိုးထောင်ခြင်းများ ဆောင်ရွက်ရပေသည်။

ယနေ့ (၁၉၈၈ မှ ၂၀၀၈ခုနှစ်အထိ နှစ်ပေါင်း ၂၀) တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းများအဖွဲ့ချုပ်၊ ဂီတ၊ စာပေ၊ သဘင်၊ ရုပ်ရှင်၊ ပန်းရိုးရာ ပညာရှင်တို့၏ အစည်းအရုံးများစသည့် အားလုံးသော အမျိုးသားရေး အင်အားစုများ) စုပေါင်း၍ ဇယ်စက်သလို နေ့ညတည်ဆောက်နေသည့် ဘက်စုံဖွံ့ဖြိုးမှုရလဒ်များသည် အမျိုးသားအကျိုးစီးပွားကို ပယောဂ ကင်းစွာ အမျိုးသားရေးအမြင်ဖြင့် ညီညီညွတ်ညွတ် ဆောင်ရွက်ပေါ်ထွန်း လာသော အပေါင်းလက္ခဏာများ ဖြစ်ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်း သားလူငယ်များ၊ ကာကွယ်ရေးအင်အားများ၊ အသိပညာရှင်၊ အတတ် ပညာရှင်များ စသည်ဖြင့် အလွှာစုံ၊ လူတန်းစားစုံ ပါဝင်သဖြင့် ပြည်သူ့ မဏ္ဍိုင်အသင်းကြီးပင် ဖြစ်ပေသည်။ ဦးတည်ကြိုးပမ်းသမျှသည်လည်း အမျိုးသား အကျိုးစီးပွားအတွက်သာ ဖြစ်ပေသည်။ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း လေဘေးသင့်ဒေသများသို့ ပြည်နယ်၊ တိုင်းဒေသစုံမှ အသင်းဝင်များသွားရောက်ကာ လေဘေးသင့်ပြည်သူများအား ကယ်ဆယ် စောင့်ရှောက်ကူညီရေး၊ ပြန်လည်ထူထောင်တည်ဆောက်နေရာချထားရေး လုပ်ငန်းများ၌ တက်တက်ကြွကြွ၊ လူငယ်ပီပီ သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကာလ ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ၊ ပြည်နယ်၊ တိုင်း၊ ကျေးလက်၊ မြို့ပြ၊ နယ်စွန်နယ်ဖျားမချန် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် (နယ်စပ်ကျေးရွာများ အပါ အဝင်) ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးရွာ မီးလင်း ရေး၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ကွင်းဆင်း ဖော်ဆောင်နိုင်ခဲ့ကြသည်။

နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲနိုင်ရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုနိုင်ရေးကဲ့သို့သော ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက တက်ကြွကျေပွန်စွာ ပါဝင်ထမ်းဆောင် သယ်ပိုးခဲ့ကြ သည်။ ၂၀၁၀ပြည့်နှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့် အညီ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပရေး၌လည်း အသင်း ကြီးသည် ဒီမိုကရေစီလုပ်ငန်းစဉ်ကြီး ချောမောအောင်မြင် ထမြောက်ရေး အတွက် ကျရာတာဝန်များကို တက်ကြွစွာ ထမ်းဆောင်သွားကြမည်သာ ဖြစ်ပေသည်။

အခြေခံဥပဒေပေါ်ထွန်းရေး၊ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု လွှတ်တော်၊ ပြည်ထောင်စုသမ္မတကြီး ဦးဆောင်သော အစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်တို့ ဖွဲ့စည်းထူထောင်ရေးတို့သည် မိဘ ပြည်သူများ၏ ဒီမိုကရေစီဆန္ဒကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး တည်းဟူသော ပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းမည့် တာထွက်ခရီးဖြစ်၍လည်း အသင်းကြီးက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။ ဝါဒရေး၊ ဂိုဏ်းဂဏအရေးထက် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွား ဖြည့်ဆည်းရေး တည်းဟူသော အမျိုးသားရေးတာဝန်ကို အမျိုးသားရေး အင်အားစုကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသား ၂၄သန်းကျော်က အမျိုးသားရေးတာဝန်သိသိ၊ အမျိုးသားရေးသစ္စာရှိရှိဖြင့် ဦးလည်မသုန် ထမ်းဆောင်သွားကြမည် ဖြစ်ပေသည်။ ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး တည်းဟူသော ပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းမည့် တာထွက်ခရီးဖြစ်၍လည်း အသင်းကြီးက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပေသည်။ ဝါဒရေး၊ ဂိုဏ်းဂဏအရေးထက် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားဖြည့်ဆည်းရေး တည်းဟူသော အမျိုးသားရေးတာဝန်ကို အမျိုးသားရေးအင်အားစုကြီးဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသား ၂၄ သန်းကျော်က အမျိုးသားရေးတာဝန်သိသိ၊ အမျိုးသားရေးသစ္စာရှိရှိဖြင့် ဦးလည်မသုန် ထမ်းဆောင်သွားကြမည် ဖြစ်ပေသည်။

23-11 (10).pmd 1 11/23/2008, 2:52 AM

တစ်နိုင်ငံလုံးသို့ ဘဲဥအများဆုံးတင်ပို့ရာ သနပ်ပင်မြို့ ဧရာဝတီတိုင်းသို့ ဘဲသားပေါက်ရှစ်သိန်း ပေးပို့မည်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း (လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - မြင့်စိန် (မြန်မာ့အလင်း)

သနပ်ပင် နိုဝင်ဘာ ၂၂

သနပ်ပင်မြို့ကား ရေလမ်း၊ ကုန်းလမ်းဆုံရာဖြစ်သဖြင့် ရောင်းရေးဝယ်တာ အဆင်ပြေလှသည်။ ပဲခူး-စစ်တောင်းတူးမြောင်းကို မေးတင်ထားသည်ဖြစ်ရာ စက်လှေများ ကမ်းကပ်သည်နှင့် မြို့ပေါ်သို့ရောက်ပေပြီ။

သနပ်ပင်မြို့မှာ ပဲခူးမြို့နှင့် ၁၇ မိုင်သာ ကွာဝေးသဖြင့် ပဲခူးမှ မိနစ်ပိုင်းအတွင်း မော်တော်ကားစီးသွားရုံဖြင့် ရောက်ရှိသည်။ ပဲခူး-သနပ်ပင် ကားလမ်းမှာ အပျက်အစီး မရှိ၊ ညီညာပြီးဖြောင့်ဖြူးသဖြင့် ကုန်းလမ်းခရီး လွယ်ကူချောမွေ့နေသည်။

သနပ်ပင်မြို့သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိချိန်သည် နံနက် ၈နာရီ၊ သနပ်ပင်မြို့ကား လှုပ်လှုပ်ရှားရှားဖြင့် စည်ကားနေပြီဖြစ်သည်။သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိချိန်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်ကို အဆင်သင့်တွေ့ရသည်။

"တစ်နိုင်ငံလုံးမှာ ဘဲဥအများဆုံးတင်ပို့တဲ့ မြို့ဖြစ်ပါတယ်"
ဦးအောင်ကြည်
ဥက္ကဋ္ဌ၊ သနပ်ပင်မြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ကျယ်ကျယ်ပြန့်ပြန့်

"သနပ်ပင်မြို့နယ်မှာတော့ ဘဲသားပေါက်လုပ်ငန်း၊ ဘဲဥထုတ်တဲ့ လုပ်ငန်း၊ မိုးရာသီမှာဆိုရင် သားငါးထုတ်လုပ်တဲ့ လုပ်ငန်း၊ နွေရာသီမှာ ငါးမွေးမြူရေးကန်တွေနဲ့ ငါးခြောက် ထုတ်လုပ်တဲ့ လုပ်ငန်းတွေအပြင် စိုက်ပျိုးရေး လုပ်ငန်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြပါတယ်။ အတွင်ကျယ်ဆုံးကတော့ ဘဲသားပေါက်လုပ်ငန်းနဲ့ ဘဲဥထုတ်တဲ့လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ဘဲဥအထွက်ဆုံး မြို့နယ်ဟာ သနပ်ပင်မြို့နယ်ပါပဲ" ဟုသနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်က ရှင်းပြသည်။

"တစ်နေ့ ဘဲဥအလုံး ၆၀၀၀လောက် လာသွင်းပါတယ်"
ကိုမောင်ဦး

အံ့သြစရာ ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဘဲဥအထွက်ဆုံးမြို့မှာ သနပ်ပင်ဖြစ်ပြီး ဘဲသားပေါက် ကောင်ရေအများဆုံး တင်ပို့ဖြန့်ဖြူးရာမှာလည်း သနပ်ပင်မြို့သည် ထိပ်ဆုံးနေရာ၌ ရှိသည်ဟုဆိုသဖြင့် စိတ်ဝင်စားသွားသည်။ **"ကျွန်တော် လိုက်ပို့ပေးပါမယ်"** ဟုမြို့နယ်ဥက္ကဋ္ဌဦးအောင်ကြည်က ဆိုသဖြင့် လိုက်ပါသွားခဲ့သည်။

ဖြန့်ဖြူးပေး

လယ်ကွင်းများဘက်သို့မျက်နှာပြုတည်ဆောက်ထားသော စိုးမိုးမေတ္တာ ဘဲသားပေါက် လုပ်ငန်းဝင်းအတွင်း ဝင်လိုက်သည်နှင့် ရက်သားအရွယ် ဘဲသားပေါက် ရာပေါင်းများစွာကို မြင်တွေ့လိုက်ရသည်။ တချို့က ခြင်းအတွင်း ထည့်ပြီးသား ဖြစ်သည်။ ဘဲသားပေါက် ကျွမ်းကျင်သူ ဦးမြင့်စိုးက

"ဘဲမွေးတာကတော့ ငယ်စဉ်ကတည်းက လုပ်ကိုင်ခဲ့တာပါ၊ ဒေသဘဲဖောက်နည်းနဲ့သားဖောက်တာဖြစ်ပြီး အလျား လေးပေခွဲ၊ အမြင့် ၃၃လက်မရှိတဲ့ ကျင်းတွေနဲ့ ဘဲသားဖောက်တာပါ။ ဘဲဥတွေ စထည့်ပြီး ၂၈ရက်ကြာရင် အကောင်ပေါက်လာတာပါပဲ။ ဘဲပေါက်လေးတွေကို တစ်ခြင်းအကောင် ၂၅၀ပါတဲ့ ခြင်းတွေနဲ့ထည့်ပြီး ကြိုတင်မှာယူထားတဲ့ ပြည်နယ်နဲ့တိုင်းတွေကို ဖြန့်ဖြူးပေးပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"တစ်ခြင်းကို ဘဲပေါက် ကောင်ရေ ၂၅၀ပါတဲ့ ခြင်းတွေနဲ့ ဖြန့်ဖြူးပေးနေပါတယ်"
ဦးမြင့်စိုး

တင်ပို့

ဘဲပေါက်လေးများ ဖြန့်ဖြူးရာတွင် ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အပါအဝင် ဧရာဝတီတိုင်းသို့ အများဆုံးတင်ပို့ ဖြန့်ဖြူးကာ ပဲခူးတိုင်းအတွင်း၌လည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ဧရာဝတီတိုင်းသို့ ဘဲသားပေါက်ကောင်ရေ နှစ်သိန်းခန့် တင်ပို့ခဲ့သော်လည်း ယခုနှစ်၌ ကောင်ရေ ရှစ်သိန်းခန့် တင်ပို့ရန်ရှိကြောင်း သိရသည်။

အရည်အသွေးမီ

"ဘဲသားဖောက်ဖို့အတွက် ဘဲဥမျိုးကောင်းတွေကို ဝယ်ယူစုဆောင်းရပါတယ်။ အရည်အသွေးပြည့်မီတဲ့ မတမ်းဥဖြစ်ရသလို ရောဂါကင်းရှင်းတဲ့ မျိုးခြံတွေက ဥလည်းဖြစ်ရမယ့်အပြင် ကြီးထွားနှုန်းကလည်း ကောင်းရမယ်ဆိုတဲ့ အချက်တွေနဲ့ ပြည့်စုံမှ ဘဲသားဖောက်တာပါ။ ငါးရက် တစ်ကြိမ် ဘဲသားဖောက်နိုင်အောင် ဥတွေကို ငါးရက်တစ်ကြိမ် အလှည့်ကျ ထည့်သွင်းပေးသွားရင် ပုံမှန် ဘဲသားပေါက်တွေ ထုတ်ယူ ဖြန့်ဖြူးပေးနိုင်တာပေါ့" ဟု ဦးမြင့်စိုးက ရှင်းပြသည်။

ပို့ဆောင်ပေး

ဘဲသားပေါက်များကို ရေလမ်း၊ ကုန်းလမ်းများမှတစ်ဆင့် ခြင်းများအတွင်း ထည့်သွင်းကာ ဖြန့်ဖြူးကြောင်း သိရသည်။ တစ်ပိုင်တစ်နိုင် မွေးမြူသူများ၊ ဘဲမွေးခြံများ၊ မွေးမြူရေး ကုမ္ပဏီများသို့ ပို့ဆောင်ပေးလျက်ရှိသည်။

ထို့နောက် ဘဲဥများ ဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းများရှိရာသို့ ဆက်လက်သွားရောက်ခဲ့သည်။ ပဲခူး-စစ်တောင်းတူးမြောင်း စက်လှေဆိပ်၌ရှိသော ဘဲဥရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ကိုမောင်ဦးက **"ဘဏ်ကျွန်း၊ကသစ်ခုံရွာသစ်၊ကုလားချောင်း၊ ကုက္ကိုရ စတဲ့ ရွာတွေမှာရှိတဲ့ ဘဲမွေးခြံတွေက နေ့တိုင်း ဘဲဥအလုံး ၆၀၀၀လောက် လာသွင်းကြတယ်။ အဲဒီ ဘဲဥတွေကို ကျွန်တော်တို့က မော်လမြိုင်ဘက်ကို တင်ပို့ဖြန့်ဖြူးပေးပါတယ်"** ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဘဲဥထုတ်လုပ်

သနပ်ပင် မြို့ပေါ်တွင်သာမက ပဲခူး-စစ်တောင်း တူးမြောင်းဘေး တစ်ဖက်တစ်ချက်၌ ဘဲဥထုတ်ယူသည့်ခြံပေါင်း ရာနှင့်ချီ ရှိနေပြီး တစ်မြို့နယ်လုံးတွင် ဘဲမွေးခြံ ၁၀၀၀ ခန့်ရှိကြောင်း သိရသည်။ သနပ်ပင်မြို့နယ်တွင် ကျေးရွာပေါင်း ၆၆ ရွာရှိရာ ရွာတိုင်းလိုလို ဘဲဥထုတ်လုပ်သည့် ဘဲမွေးခြံများ ရှိကြသည်။

သနပ်ပင်မြို့နယ်အတွင်း ဘဲဥထုတ်ခြံများ၊ ဘဲမွေးမြူရေးခြံများ ရှိနေမှုမှာ ချောင်းမြောင်းပေါများမှု၊ ရေကြီး ရေနက်ကွင်းရှိမှု၊ ပဲခူး-စစ်တောင်းတူးမြောင်းကြီးက သနပ်ပင်မြို့နယ်အတွင်း ဖြတ်သန်းနေမှု၊ နွေမိုးမပြတ်တမ်း ရေရရှိနိုင်မှုနှင့် သဘာဝအစားအစာ ပေါများမှုတို့ကြောင့် ဖြစ်ကြောင်း မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က ရှင်းပြသည်။ သနပ်ပင်မြို့သည် နေ့စဉ်ဘဲဥသိန်းနှင့်ချီကာ မြို့အနှံ့သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သနပ်ပင်မြို့နယ်မှာတော့ ဘဲသားပေါက်လုပ်ငန်း၊ ဘဲဥထုတ်တဲ့ လုပ်ငန်း၊ မိုးရာသီမှာဆိုရင် သားငါးထုတ်လုပ်တဲ့ လုပ်ငန်း၊ နွေရာသီမှာ ငါးမွေးမြူရေးကန်တွေနဲ့ ငါးခြောက် ထုတ်လုပ်တဲ့ လုပ်ငန်းတွေအပြင် စိုက်ပျိုးရေးလုပ်ငန်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြပါတယ်။ အတွင်ကျယ်ဆုံးကတော့ ဘဲသားပေါက် လုပ်ငန်းနဲ့ ဘဲဥထုတ်တဲ့ လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာ ဘဲဥအထွက်ဆုံး မြို့နယ်ဟာ သနပ်ပင် မြို့နယ်ပါပဲ။



ပြည်နယ်နှင့်တိုင်းများသို့ ဖြန့်ဖြူးရန်အသင့်ဖြစ်နေသော ရက်သားအရွယ် ဘဲပေါက်ကလေးများ။ (မြန်မာ့အလင်း)

သနပ်ပင်မြို့ ဆိပ်ကမ်းသို့ ကျေးရွာများမှ စက်လှေဖြင့်ရောက်ရှိလာသော ဘဲဥသေတ္တာများကို ဤသို့ သယ်ယူပို့ဆောင်ကြသည်။ (မြန်မာ့အလင်း)

တက်ကြွစွာမွေးမြူ

သနပ်ပင်မြို့ရှိ ဘဲဥဖြန့်ဖြူးရေး လုပ်ငန်းများကို လေ့လာကြည့်ရာတွင် တစ်မြို့နယ်လုံး တက်ကြွစွာ မွေးမြူနေကြသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့လည်းဒေသထွက်ကုန်တစ်ရပ်အဖြစ် အဓိက ဖြန့်ဖြူးပေးလျက်ရှိနေပါကြောင်းကွင်းဆင်းစေ့ငုရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



၁၉၇၈ခုနှစ်နှင့် ၁၉၇၉ခုနှစ် B.Ag ဘွဲ့ရ ကျောင်းသူကျောင်းသားများ၏ အာစရိယပူဇော်ပွဲ

သူငယ်ချင်းတို့-

၁၉၇၈ခုနှစ်နှင့် ၁၉၇၉ခုနှစ် B.Ag ဘွဲ့ရကျောင်းသူကျောင်းသားများ အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၆ရက်မှာ သီးခြားကျင်းပပြုလုပ်မှာဖြစ်လို့ အလှူငွေထည့်ဝင်ရန် ကျန်ရှိနေသေးသည့်သူငယ်ချင်းများ၊ အလှူငွေများ ဆောလျင်စွာ ထည့်ဝင်ပေးကြဖို့ နိုးဆော်လိုက်ပါတယ်။ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးအတွက်လည်း ကော်မတီအသီးသီးဖွဲ့စည်းပြီးဖြစ်လို့ တို့သူငယ်ချင်းအားလုံး ပါဝင်ဆင်နွဲကြရအောင်။

ရန်ပုံငွေပေးပို့ရန် -

(၁၉၇၈ ခုနှစ် ဘွဲ့ရများ)	(၁၉၇၉ ခုနှစ် ဘွဲ့ရများ)
၁။ ဦးဇော်မြင့် ၅၉/စီ၊ မြယာကုန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁-၃၇၄၇၃၊ ၀၁-၂၉၆၈၉၉	၂။ ဒေါက်တာမျိုးကြွယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဖုန်း-၀၁-၆၂၈၁၉၈
၂။ ဒေါက်တာမြင့်လွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ဖုန်း-၀၆၇-၄၁၆၅၁၂	၂။ ဒေါ်အေးမြင့်(မြို့နယ်မန်နေဂျာ) နေပြည်တော် ပျဉ်းမနား။ ဖုန်း-၀၆၇-၂၂၀၃၈

FORVER GROUP Co., Ltd.

Mandalay FM အတွက်
ဝန်ထမ်းများ အလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ရေဒီယိုအစီအစဉ်တင်ဆက်သူ (၁၅) ဦး
- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ပြီး အသက်(၂၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- အသံကောင်းမွန်၍ မြန်မာ၊ အင်္ဂလိပ် အသံထွက်များကို ပီသစွာ ပြောဆိုနိုင်ရမည်။
- ကွန်ပျူတာကို အသုံးပြုနိုင်ရမည်။
- တေးသီချင်းများနှင့် ပတ်သက်၍ လေ့လာသိရှိထားသူ၊ ဝါသနာပါသူ ဖြစ်ရမည်။
- အားကစားသတင်းအစီအစဉ်အတွက် ဘောလုံးအကြောင်းကို နားလည်သူများလည်း လျှောက်ထားနိုင်သည်။
- နေရာဒေသမရွေး သွားရောက်နေထိုင် တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ အသံဖမ်း အင်ဂျင်နီယာ (၁၀)ဦး
- အသံဖမ်း နည်းပညာဘွဲ့/ ဒီပလိုမာ ရရှိထားပြီး အသက်(၃၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
- လုပ်ငန်း အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။
- ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

၃။ IT Engineer (၁၀)ဦး
- ကွန်ပျူတာဆိုင်ရာ ဘွဲ့/ဒီပလိုမာရရှိသူဖြစ်ပြီး အသက်(၃၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး Networking & A+Hardware ကိစ္စများကို ကျွမ်းကျင်သူဖြစ်ရမည်။
- နေရာဒေသမရွေး သွားရောက်နေထိုင် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ Sales Executive (၁၀)ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိ၍ အသက်(၂၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
- ရုပ်ရည်သန့်ပြန့်၍ စကားအပြောအဆို ပြေပြစ်ရမည်။
- နေရာဒေသမရွေး သွားရောက်နေထိုင် တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားသူသည် (က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။ (ခ) နိုင်ငံရေးနှင့် ပြစ်မှုကင်းရှင်းကြောင်း ရပ်ကွက်ထောက်ခံစာနှင့် မြို့နယ်ရဲစခန်း ထောက်ခံစာတို့ကို တင်ပြရမည်။ (ဂ) အိမ်ထောင်မရှိသူဖြစ်ရမည်။ လျှောက်လွှာနှင့် အတူ ကိုယ်ရေးရာဇဝင် အပြည့်အစုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူနှင့် လိုင်စင်ဓာတ်ပုံ(၃)ပုံတို့ကို ၃၀-၁၁-၂၀၀၈ရက်မတိုင်မီ လူကိုယ်တိုင် ပေးပို့လျှောက်ထားနိုင်သည်။

လျှောက်လွှာရယူနိုင်သည့် နေရာများ-
၁။ အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၂။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
၃။ Mandalay FM,Building No. (C3-4) (၃၂)လမ်း၊ (၇၇/၇၈)လမ်းကြား၊ မန္တလေးမြို့။

အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ချီးကျူးဂုဏ်ပြုခြင်း

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၁၀-၁၁-၂၀၀၈ ရက်မှ ၁၉-၁၁-၂၀၀၈ရက်အထိ ၁၀ရက်ကြာ ကျင်းပခဲ့သည့် အာဆီယံ(၁၀)နိုင်ငံပါဝင်သော 7th ASEAN Skills Competition ကျွမ်းကျင်မှုပြိုင်ပွဲတွင် အာဆီယံအဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်ခဲ့သော အာဘာဖီးကုမ္ပဏီသင်တန်းကျောင်းအုပ်ကြီး ဦးအောင်နိုင်သူနှင့် Welding ဂဟေဆက်ဘာသာရပ်ကျွမ်းကျင်သူ ဇော်မင်းဦးတို့အား ချီးကျူးဂုဏ်ပြုအပ်ပါသည်။

နည်းပြဆရာများ(အာဘာဖီးကုမ္ပဏီသင်တန်းကျောင်း)
၁၆၂၊ လမ်း ၅၀(အထက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၂၀၁၃၂၅၊ ၀၉-၈၆-၂၃၄၆၃။

ကွမ်းလုံမြို့ ရုံးပေါင်းစုံလမ်း ကတ္တရာပြုပြင်

ကွမ်းလုံ နိုဝင်ဘာ ၂၂

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်၊ မြို့ပြလမ်း ငွေလုံးငွေရင်း လုပ်ငန်းတစ်ခုဖြစ်သည့် ရုံးပေါင်းစုံလမ်း ကတ္တရာပြုပြင်ခြင်းလုပ်ငန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို နိုဝင်ဘာစရက်က အမှုဆောင် အရာရှိ ဦးမျိုးဇော်ထွန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်မျိုးထွန်းက လုပ်ငန်းအခြေအနေ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ အမှတ်၇/၁၅၇နေ ဦးမောင် ၁၃/တကန(နိုင်) ၀၈၃၁၅၁ ကိုင်ဆောင်သူ၏ သမီးဖြစ်သူ ဒေါ်မြင့်စိန် NYHE-၀၀၈၃၉၂ ကိုင်ဆောင်သူနှင့် သားဖြစ်သူတို့က ကျွန်တော့်အား ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် ပြုလုပ်ရုံမက ဖခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသဖြင့် ယနေ့မှစ၍ သမီးဖြစ်သူ ဒေါ်မြင့်စိန်အား(လုံး၀)အမွေပြတ် စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

သူ၏သားများဖြစ်သည့် (၁) မောင်မျိုးဆက်(ခ)အောင်လတ်၊ (၂) မောင်စိုင်းဝင်းထွဋ်၊ (၃) မောင်ချမ်းမြေ့(ခ)ပြုံးချိုတို့အားလည်း မြေးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဦးမောင်
အမှတ်၇/၁၅၇၊ ရွှေတောင်ရပ်ကွက်၊
တောင်ကြီးမြို့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ ဦးအောင်ဝင်းထွန်း မှတ်ပုံတင်အမှတ် KTDA - ၀၀၆၈၆၃သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံး၀(လုံး၀) တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ဝင်းကြည်
၁၂/ကတတ(နိုင်)၀၁၅၇၉၈
အမှတ် ၂၇၂၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(1) Sales Promoter ကျား(၂၀)ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး(သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။

(2) Sales Representative ကျား(၂၀)ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၀)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

(3) Sales Supervisor ကျား(၅)ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိပြီး နယ်ခရီးလစဉ်မပျက်သွားနိုင်ရမည်၊ Distribution နှင့် Marketing Field ၌အနည်းဆုံး(၃)နှစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ရမည်။

(4) Store Keeper ကျား/မ(၂)ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ စတိုလယ်ဂျာစာရင်း ကျွမ်းကျင်ရမည်၊ Computer(Word,Excel)တတ်ကျွမ်းရမည်၊လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်၊ အသက်(၃၈)နှစ်အောက်၊ သွက်လက်တက်ကြွပြီး အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။

(5) Driver ကျား(၁၀)ဦး
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး "ခ"(သို့)"ဃ"လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိပြီး၊ ကျန်းမာရေးကောင်းမွန်၍ နယ်ခရီး အတွေ့အကြုံရှိရမည်။

(6) ဝါယာရိန်းဆရာ ကျား(၃)ဦး
မော်တော်ယာဉ်နှင့်ပတ်သက်သော ဝါယာရိန်းလုပ်ငန်းအတွေ့အကြုံ ရှိရမည်။

* **အမှတ်စဉ်အားလုံးအတွက် သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။ (လစာကောင်းမည်။)**

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ဓာတ်ပုံနှစ်ပုံ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ **Harvest Enterprise Co.,Ltd. အမှတ်၅၂၀၊ ၇လွှာ၊ Excel Treasure Tower ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်သို့** တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမြန်ရောင်းမည်

ယုဇနပလာဇာဘေး၊ ဗညားဒလလမ်းမကြီးပေါ်ရှိ Hall Type ၁၅ပေ×ပေ၇၀(ရှစ်)လွှာ၊ (အပေါ်ဆုံးထပ်)၊ တိုက် အလွန်လတ်၊ ဧည့်ခန်းကြွေပြားခင်း/ကပ်၊ ဆေး(သစ်)သုတ်ပြီး၊ ကိုယ်ပိုင်ရေ/မီး၊ ရောင်းဈေး ကျပ် ၁၁၅သိန်း(ညှိနှိုင်း)။ (အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။)

ဖုန်း-၀၉-၅၁၀-၆၉၁၉။

သံဖြူဇရပ် မြို့မဈေး ခြင်ဆေးဖျန်း ဆောင်ရွက်

သံဖြူဇရပ် နိုဝင်ဘာ ၂၂

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ်(၁) မြို့မဈေးအတွင်း ကျန်းမာရေးနှင့် ညီညွတ်သော ခြင်ဆေးဖျန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမျိုးသားနေ့အခမ်းအနား ဗန်းမော်၌ကျင်းပ

ဗန်းမော် နိုဝင်ဘာ ၂၂

၂၀၀၈ခုနှစ် (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၈နာရီခွဲက ဗန်းမော်မြို့ အထက(၁) အောင်တံခွန်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အထက(၁)၊ (၂)၊ (၃)မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ အထက(၁)မှ ကျောင်းသား ကျောင်းသားသူများက ပြည်မြန်မာသီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာနှင့် သုံးဘာသာ ဂုဏ်ထူးရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် အထက(၂)မှကျောင်းသား ကျောင်းသူများက ဓာတ်မာန်သီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဝန်းသိုမြို့ မြို့ရေပေးရေး ဆောင်ရွက်

ဝန်းသို နိုဝင်ဘာ ၂၂

ဝန်းသိုမြို့ ရေပေးရေးလုပ်ငန်း သုံးခုအနက် ကျော်ထွန်းရေပေးရေး လုပ်ငန်းကို ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ပန့်ခ်ဝယ်ယူတပ်ဆင်၍ နိုဝင်ဘာ ၃ရက်က အငယ်တန်း အင်ဂျင်နီယာ(၃) ဦးအောင်အောင်ဦးနှင့် အဖွဲ့ဝန်ထမ်းများ ရေပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင် အရာရှိ ဦးချစ်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့က ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား နိုဝင်ဘာ ၂၉ရက် (စနေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် အမှတ် ၁၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

ဆေးကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

(၂၉)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံနှင့် (၁၀)ကြိမ်မြောက် FDI, MDA ပညာရေးဆိုင်ရာ ပူးတွဲအစည်းအဝေးတွင် ထည့်သွင်းကျင်းပမည်ဖြစ်သော ဆေးဝါးကိရိယာပြပွဲနှင့် အရောင်းပြခန်းများတွင် ပါဝင်ဖွင့်လှစ်ပြသရောင်းချနိုင်ရေးအတွက် ညီလာခံကျင်းပရေး ဗဟိုကော်မတီနှင့် သွားဘက်ဆိုင်ရာ ဆေးကိရိယာပစ္စည်းကုမ္ပဏီများ၊ သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းကုမ္ပဏီများ၊ ဆေးဝါးကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အခမ်းအနားသို့ တက်ရောက်လိုသူများသည် ဒေါက်တာဌေးမြင့်ဦး အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) ဖုန်း-၀၉-၅၀၀-၆၈၉၃သို့ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

အက်ကြောင်းပေါ်လာတဲ့ ဝင်းဂါးရဲ့ အာဆင်နယ်

ရေးသူ-မောင်မောင်မြင့်ဆွေ မြင့်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် နိုဝင်ဘာ ၂၂

ဒီနှစ်ပရီမီယာလိဂ်မှာ ရှုံးပွဲတွေ ကြုံတွေ့နေရတဲ့ အာဆင်နယ်အသင်းဟာ ပွဲရလဒ်တွေ မကောင်းတဲ့အပြင် အားကစားသမား အချင်းချင်း စိတ်ဝမ်းကွဲမှုတွေ ရှိလာတာမို့ အသင်းခေါင်းဆောင် ဂါးလက်စ်က အာဆင်နယ်အသင်း အောင်မြင်မှုနဲ့ အလှမ်းဝေးသွားနိုင်တယ်လို့ သတိပေးပြောကြားလိုက်ပါတယ်။

အာဆင်နယ် အသင်း ခေါင်းဆောင်

ပြဿနာများနှင့် ကြုံတွေ့နေရသော အာဆင်နယ်အသင်း ခေါင်းဆောင် ဂါးလက်စ်။

ဝေဖန်ပြစ်တင်မှု

အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်(၁၃)မှာ အိမ်ကွင်းအီမရိတ်စ်မှာ ဧည့်သည် ဗီလာအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာနဲ့ပတ်သက်ပြီး ဝေဖန်ပစ်တင်မှုတွေ ခံနေရသလို ကစားဖော်တွေထဲမှာလည်း တစ်ဦးနဲ့တစ်ဦး မကျေနပ်မှုတွေ တိုးပွားလာခဲ့ပါတယ်။

ဒီလိုမကျေနပ်မှုတွေထဲမှာ အသင်းခေါင်းဆောင် ဂါးလက်စ်အပေါ် အမြင်မကြည်လင်မှု အများကြီး ထွက်ပေါ်လာပြီး ထိပ်တိုက်ဝေဖန်မှုတွေ ရှိလာခဲ့တယ်လို့ဆိုပါတယ်။ အသက် ၃၁နှစ်ရှိနေပြီဖြစ်တဲ့ ဂါးလက်စ်ဟာ ၂၀၀၆ ခုနှစ်က အာဆင်နယ်အသင်းကို ပြောင်းရွှေ့လာခဲ့သူ ဖြစ်ပါတယ်။

ပီပြင်အောင်ကစားခဲ့

နည်းပြ အာဆင်ဝင်းဂါးဟာ ဂါးလက်စ်ရဲ့ ကစားပုံနဲ့ အသက်အရွယ်ကိုကြည့်ပြီး အသင်းခေါင်းဆောင်နေရာကို ပေးခဲ့တာမို့ ဂါးလက်စ်ဟာ ခံစစ်မှူးကောင်းတစ်ဦးအပြင် အသင်းခေါင်းဆောင်တစ်ဦးအဖြစ် ပီပြင်အောင် ကစားခဲ့ပါတယ်။

ဒါပေမယ့် အာဆင်နယ်ရဲ့ အသက် ၂၅နှစ်အရွယ် ကစားသမားတွေ ဖြစ်တဲ့ ဗန်ပါစီ၊ အီဘူး၊ အီဒိုရာဒိုနဲ့ ဆစ်ဂနာတို့က အာဆင်နယ်အသင်း ရှုံးပွဲတွေ ကြုံတွေ့နေရတာဟာ အသင်းခေါင်းဆောင် ဂါးလက်စ်ကြောင့် ဖြစ်တယ်လို့ ပေါ်ပေါ်ထင်ထင် ထုတ်ဖော်ပြောကြားခဲ့တာမို့ ဂါးလက်စ်ဟာ ဒေါသဖြစ်ခဲ့ရတယ် ဆိုပါတယ်။

အုပ်စုတွေကွဲနေ

ဂါးလက်စ်ဟာ အသင်းကို ဦးမဆောင်နိုင်တဲ့အပြင် ပွဲရလဒ်ကို ပြောင်းလဲစေတဲ့ အမှားအယွင်းတွေ အမြဲတမ်း ပြုလုပ်သူတစ်ဦးဖြစ်တယ်လို့ စွပ်စွဲခဲ့တာမို့ ဂါးလက်စ်ဘက်က ရပ်တည်သူတွေနဲ့ ဗန်ပါစီတို့ဘက်က ရပ်တည်သူတွေဆိုပြီး အုပ်စုနှစ်စု ကွဲနေပြီဆိုတဲ့ သတင်းတွေ ဖြစ်ပေါ်လာခဲ့တာပါပဲ။

အောင်မြင်မှုမရနိုင်

ဗီလာနဲ့ ကစားတဲ့ပွဲမှာ အသင်းခေါင်းဆောင်တစ်ဦးအနေနဲ့ ဂါးလက်စ်ရဲ့ကွင်းထဲမှာ ပြောဆိုတဲ့ စကားတွေကို ဗန်ပါစီက နားမထောင်တဲ့အပြင် အသိအမှတ်ပြုတဲ့ လက္ခဏာတောင် မပြခဲ့လို့ အဝတ်လဲခန်းအတွင်းမှာ ပြဿနာတွေ ဖြစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဂါးလက်စ်က ကစားဖော်အချင်းချင်း တူညီတဲ့ စိတ်ဓာတ်မထားနိုင်ရင် အဲဒီအသင်းဟာ ဘယ်တော့မှ အောင်မြင်မှု မရရှိနိုင်ဘူးလို့ ပြတ်ပြတ်သားသား သတိပေးခဲ့ပါတယ်။

စိတ်ဝမ်းကွဲ

ဒီလို အခြေအနေမျိုးမှာ နည်းပြ အာစင်ဝင်းဂါးဟာ ကစားသမားတွေ အချင်းချင်း စိတ်ဝမ်းမကွဲကြဖို့ စည်းရုံးရေးဆောင်ရွက်နေပေမယ့် ဗန်ပါစီတို့က ဂါးလက်စ်ကို အသင်းခေါင်းဆောင် အဖြစ်မထားရှိရေး တောင်းဆိုနေကြတာမို့ အာစင်ဝင်းဂါးလည်း အကျပ်ရိုက်နေပါတယ်။ ဒါပေမယ့် ဒီလိုစိတ်ဝမ်းကွဲမှုမျိုးကို မိမိဖြေရှင်းနိုင်ပါတယ်လို့ အာစင်ဝင်းဂါးက ဆိုပါတယ်။

အာဆင်နယ်အသင်းဟာ ဒီနှစ် ပရီမီယာလိဂ် ၁၃ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးနဲ့ ထိပ်ဆုံးက ချယ်လ်ဆီးအသင်းနဲ့ ကိုးမှတ်ကွာခြားပြီး စတုတ္ထနေရာမှာ ရပ်တည်နေပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ ဖလားရရှိရေးအတွက်ကတော့ အတော်လေး ကြိုးစားအားထည့်ပြီး ကစားမှ ရနိုင်မယ့် အနေအထားပါလို့ ဂါးလက်စ်က ပြောကြားပါတယ်။

မသေချာ

ဗန်ပါစီကတော့ ဂါးလက်စ်ရဲ့အနေအထားကို စိတ်တိုင်းမကျ ဖြစ်နေပေမယ့် အာဆင်နယ်အသင်း အောင်မြင်မှုတွေရရှိဖို့ အစွမ်းကုန် ကြိုးစားသွားမယ်လို့ဆိုနေပါတယ်။ အသက် ၃၁နှစ်ရှိနေပြီဖြစ်တဲ့ ဂါးလက်စ်ဟာ သူ့ရဲ့ ဘောလုံးသမားအနာဂတ်ကို အာဆင်နယ်မှာပဲ ကုန်ဆုံးဖို့ဆိုတာ မသေချာပါဘူးလို့ ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

အာဆင်နယ် ခံစစ်ကြောင်း လုံခြုံအောင် တစ်ဖက်တိုက်စစ်မှူးတွေကို မာမာတင်းတင်း ဟန့်တားကစားတတ်တဲ့ ဂါးလက်စ်နဲ့ အာဆင်နယ် ကြယ်ပွင့်တွေဖြစ်တဲ့ ဗန်ပါစီတို့ အုပ်စုအကြား ဆက်ဆံရေး အက်ကြောင်းပျောက်သွားအောင် နည်းပြ အာစင်ဝင်းဂါး ဘယ်လိုကိုင်တွယ်သွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ကိုးသမားဂျိုးဟတ်ဒဏ်ရာရရှိမှု ယာယီဂိုးသမား မန်စီးတီးရှာဖွေနေရ

လန်ဒန် နိုဝင်ဘာ ၂၂

ပြီးခဲ့သော နိုဝင်ဘာ ၁၆ရက်က ဟူးလ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့စဉ် ဒဏ်ရာရရှိခဲ့သော မန်စီးတီးဂိုးသမား ဂျိုးဟတ်၏ နေရာတွင် ယာယီအားဖြင့် ဂိုးသမားအစားထိုးနိုင်ရန် ပရီမီယာလိဂ်မှ မန်စီးတီးအသင်းအား ဂိုးသမားတစ်ဦး ခေါ်ယူစာချုပ်ခွင့် ပြုလိုက်သည်။

ဟတ်၏ ခြေချင်းဝတ်ဒဏ်ရာသည် မဆိုးရွားလှသော်လည်း ဂရုစိုက်စရာလိုပြီး သီတင်းပတ်နှစ်ပတ် သို့မဟုတ် တစ်လကျော်ကြာအနားယူရဖွယ်ရှိသည်။

မန်စီးတီးနည်းပြ မာ့ခ်ဟုဂျ်သည် ယင်းနေရာတွင် အသက်၁၈နှစ်ရှိ နော်ဝေလူမျိုး ဟိုဆီယက်စ်ဂျိုဟန်ဆင်အား ငှားရမ်း ယာယီအစားထိုးဖွယ်ရှိသည်။

ဂျိုးဟတ်အား နိုဝင်ဘာ ၁၉ရက်က ဂျာမနီလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးပွဲစဉ်အတွက် အင်္ဂလန် လက်ရွေးစင်အသင်းတွင် ထည့်သွင်းရွေးချယ်ထားခဲ့သော်လည်း၄င်းသည် ဂျရတ်၊ လမ်းပတ်တို့နည်းတူ ယင်းပွဲစဉ်နှင့်လွဲချော်ခဲ့ရသည်။ **(အင်တာနက်)**

ကာပယ်လိုနည်းပြသည့် ကာလအတွင်း အင်္ဂလန်အသင်းအား ကျေနပ်အားရမှုရှိဟုဆို

လန်ဒန် နိုဝင်ဘာ ၂၂

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အင်္ဂလန်လက်ရွေးစင်အသင်းက ဂျာမနီအသင်းအား ချစ်ကြည်ရေးပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ၄င်းအနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြအဖြစ် ဆောင်ရွက်သည့် ပထမနှစ်အတွင်းမှာပင် ကျေနပ်မှုရရှိကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ထုတ်ဖော်ပြောကြားခဲ့သည်။

အနိုင်ရရှိခဲ့

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့မှုကြောင့် ကာပယ်လိုသည် အင်္ဂလန် လက်ရွေးစင်အသင်းကို တာဝန်ယူနည်းပြခဲ့သည့် ကာလအတွင်း ရှစ်ပွဲနိုင် တစ်ပွဲသရေ ကျကာ တစ်ပွဲသာရှုံးနိမ့်ခဲ့သည်။ ယင်းသို့ရှုံးနိမ့်ခဲ့သောပွဲမှာ ယခုနှစ် မတ်လအတွင်းက ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲဖြစ်သည်။

အသင်းတိုးတက်ရေး

ယခုကဲ့သို့ အချိန်တို ကာလအတွင်း အင်္ဂလန်အသင်းအနေဖြင့် ယခုထက်ပိုမိုတိုးတက်နိုင်ရန် မဖြစ်နိုင်သေးကြောင်း၊ မိမိတို့အသင်းအနေဖြင့် ၁၀ပွဲကစားခဲ့ပြီး ကစားသမားတိုင်းသည် အသင်းတိုးတက်ရေးကို ရေးရှု ကြိုးပမ်းနေကြကြောင်း၊ ကစားသမားအားလုံးသည် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့်ကောင်းမွန်စွာ ကစားခဲ့ကြကြောင်း ကာပယ်လိုက ပြောကြားခဲ့သည်။

ချီးကျူး

ဂျာမနီနိုင်ငံဘာလင်မြို့၌ ၁၉၇၃ ခုနှစ်တွင် ဘရာဇီးအသင်းက ဂျာမနီအသင်းကို အနိုင်ရရှိပြီးနောက် ဂျာမနီအသင်းကို ပထမဦးဆုံး အနိုင်ရရှိသည့် အင်္ဂလန်လက်ရွေးစင်အသင်းကို အီတလီနိုင်ငံသား ကာပယ်လိုက အပြည့်အဝ ချီးကျူးပြောကြားခဲ့သည်။ **(အင်တာနက်)**

ရှုံးနိမ့်ပါက လက်ဝှေ့လောကမှ ဟက်တန်အနားယူမည်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၂

လိုက်ဝယ်လ်တာဝိတ် လက်ဝှေ့ပြိုင်ပွဲတွင် ရစ်ကီဟတ်တန်သည် ပေါလီမာလစ်နက်ဂီအား အနိုင်ရရှိမည်ဖြစ်ပြီး ၄င်း၏လက်ဝှေ့ကျော်ဘွဲ့ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ကြောင်း လက်ဝှေ့အကျော်အမော် ဒေးဗစ်ဟာရေးက ထုတ်ဖော်ပြောကြားခဲ့သည်။

နုတ်ထွက်မည်

ဟက်တန်သည် ယခုပွဲစဉ်တွင် ၄င်းရှုံးနိမ့်ခဲ့ပါက လက်ဝှေ့လောကမှအနားယူမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း။ သို့သော်လည်း အသက်၃၀ရှိ ဟက်တန်သည် ရှုံးနိမ့်မှုကြောင့် ၄င်းလက်ဝှေ့သမားဘဝအဆုံးသတ်သွားနိုင်သကဲ့သို့ အနိုင်ရမှုကြောင့်လည်း ၄င်း၏လက်ဝှေ့သမားဘဝ ကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

အာဂျင်တီးနား တင်းနစ်သမားဒယ်လ်ပေါ်ထရို ဒေးဗစ်ဖလားဆွတ်ခူးရန်မျှော်မှန်း

လန်ဒန် နိုဝင်ဘာ ၂၂

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင် စပိန်မှ ရာဖေးလ်နာဒယ် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိသည့်အတွက် အာဂျင်တီးနားနိုင်ငံ အနေဖြင့် ဗိုလ်လုပွဲသို့ ပထမဦးဆုံးအကြိမ်အဖြစ် တက်ရောက်နိုင်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့အဆင့်(၁)၌ စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်၏ တင်းနစ်ရာသီမှာ လွန်ခဲ့သည့် သီတင်းနှစ်ပတ်အကျော်က ဒူးဒဏ်ရာရရှိခဲ့သဖြင့် အဆုံးသတ်သွားပြီဖြစ်သည်။

အာဂျင်တီးနားက အိမ်ရှင်အဖြစ် ကျင်းပသော ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ဂျူအန်မာတင်ဒယ်လ်ပေါ်ထရို၊ ဒေးဗစ် နယ်လ်ဘန်ဒီယန်၊ ဂျို့စ်အကာဆူဆိုနှင့်အဂူစတင်ကယ်လာရီတို့ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

အင်တာနက် အားကစားသတင်းအတိုအထွာများ

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ် ဒဏ်ရာကြောင့် ၁၀ရက်ခန့် အနားယူဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၂

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်သည် ခြေထောက်ဒဏ်ရာရရှိနေမှုကြောင့် အနည်းဆုံး ၁၀ရက်ခန့် အနားယူရဖွယ်ရှိကြောင်း ကလပ်က နိုဝင်ဘာ၂၀ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ဘာဘာတော့ဗ်သည် နိုဝင်ဘာ ၁၉ရက်က ချစ်ကြည်ရေးပွဲအဖြစ် ဘူလ်ဂေးရီးယားနှင့် ဆာဘီးယားတို့ပွဲတွင် ပါဝင်ကစားခဲ့ပြီး မိနစ်၃၀အကြာတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထိုပွဲ၌ ဘူလ်ဂေးရီးယားက ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

၂၀၁၀ နွေရာသီ အိုလံပစ်အားကစားပွဲတော်၌ အမျိုးသမီး လေထီးခုန်အားကစား ထည့်သွင်းမည်မဟုတ်

ဗန်ကူးဗား နိုဝင်ဘာ ၂၂

၂၀၁၀ပြည့်နှစ် နွေရာသီအိုလံပစ် အားကစားပွဲတော်၌ အမျိုးသမီးလေထီးခုန်အားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပမည် မဟုတ်ကြောင်း၊ အကြောင်းမှာ အရည်အချင်းပြည့်မီသော အားကစားမယ်များ ပါဝင်ယှဉ်ပြိုင်မှုဦးရေနည်းပါး၍ နိုင်ငံတကာ အိုလံပစ်ကော်မတီက နိုဝင်ဘာ ၂၀ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အသက်အငယ်ဆုံး ဂေါက်သီးရိုက်ကစားသမား ဟက်ခ်ဖြစ်လာ

ဟောင်ကောင် နိုဝင်ဘာ ၂၂

ဟောင်ကောင်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသော ဟောင်ကောင်ဆယ်ကျော်သက် ဂေါက်သီးရိုက်သမား ဂျာဆင်ဟက်ခ်သည် ကမ္ဘာ့အသက်အငယ်ဆုံး ဂေါက်သီးရိုက်သမား ဖြစ်လာကြောင်း၊ ဟက်ခ်သည် နိုဝင်ဘာ ၂၀ရက်၌ အသက်၁၄နှစ်နှင့် ၃၀၄ရက်သာရှိနေရာ ၁၉၉၅ခုနှစ်က စပိန်နိုင်ငံ၌ ကျင်းပခဲ့သည့် တူရက်စပါနာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အသက်၁၅နှစ် ၄၆ရက်သား ဂါစီယာ၏ အသက်အငယ်ဆုံး စံချိန်ကို ချိုးနိုင်ခဲ့ပြီဖြစ်သည်။

မတော်တဆမှုကြောင့် ဝေါလ်ကော့သ်ဒဏ်ရာရခြင်းဖြစ်

လန်ဒန် နိုဝင်ဘာ ၂၂

ဝေါလ်ကော့သ်သည် နိုဝင်ဘာ ၁၈ရက်က အင်္ဂလန်လက်ရွေးစင်အသင်းအတွက် လေ့ကျင့်ကွင်းဆင်းစဉ် ပခုံးဆစ်လွဲခဲ့ပြီး နောက်သုံးလခန့် အနားယူရမည်ဖြစ်သည်။

ဝေါလ်ကော့သ်သည် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အင်္ဂလန်လက်ရွေးစင်အသင်းက ဂျာမနီလက်ရွေးစင်အသင်းကို အနိုင်ရရှိခဲ့သော ချစ်ကြည်ရေးခြေစမ်းပွဲ မတိုင်မီ နိုဝင်ဘာ၁၈ရက်က လေ့ကျင့်ကွင်းဆင်းစဉ် ရေနုတ်မြောင်းအပေါ် ချော်လဲကာ ပခုံးအဆစ်လွဲဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၁၇)နှစ်အောက် ကမ္ဘာ့အမျိုးသမီးဘောလုံးပြိုင်ပွဲ မြောက်ကိုရီးယားက အမေရိကန်အသင်းကို အနိုင်ရဗိုလ်စွဲ

ပြုံယမ်း နိုဝင်ဘာ ၂၂

ဖီဖာ၏ အသက်(၁၇)နှစ်အောက် ကမ္ဘာ့အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အမေရိကန်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သော မြောက်ကိုရီးယား အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် နိုဝင်ဘာ၂၀ရက်က မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းလေဆိပ်သို့ ရောက်ရှိလာရာ ပြည်သူထောင်ပေါင်းများစွာတို့က လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။

ပို့စ်မောက်အသင်းအားဝယ်ယူရန် ကမ်းလှမ်းချက် အမှုဆောင်ပီတာက လက်ခံမည်မဟုတ်ဟုဆို

လန်ဒန် နိုဝင်ဘာ ၂၂

ပို့စ်မောက်အသင်းပိုင်ရှင် ဆာချာဂေဒါမက်ခ်အနေဖြင့် အသင်းအားဝယ်ယူရန်မည်သည့် ကမ်းလှမ်းချက်ကိုမျှ လက်ခံမည်မဟုတ်ကြောင်း အသင်း၏ အမှုဆောင်ဥက္ကဋ္ဌ ပီတာစတိုရီက ပြောကြားခဲ့သည်။ ပို့စ်မောက်အသင်းအား လက်ရှိပိုင်ရှင် ဂေဒါမက်ခ် ဝယ်ယူခဲ့သည့် ၂၀၀၆ခုနှစ်ကတည်းက အဖွဲ့အစည်းများက ဝယ်ယူလိုသဖြင့် ဆက်သွယ်မှုများ ပြုလုပ်ခဲ့ကြသည်။

အက်ဖ်အေ၏ စွပ်စွဲချက် ရှိုင်ကိန်းငြင်းဆိုခဲ့

လန်ဒန် နိုဝင်ဘာ ၂၂

ယခုလစောစောပိုင်းက ဆန်းဒါးလန်းအသင်းအနေဖြင့် ချယ်လ်ဆီးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ၄င်းအနေဖြင့် မဖွယ်မရာအပြုအမူ ပြုလုပ်ခဲ့သည်ဟူသော အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)၏ စွပ်စွဲချက်မှာ မမှန်ကန်ကြောင်း နည်းပြရှိုင်ကိန်းက ငြင်းဆိုခဲ့သည်။

ကိန်းသည် ချယ်လ်ဆီး၏ တတိယဂိုးသွင်းယူခဲ့မှုနှင့်ပတ်သက်ပြီး စိတ်မသက်မသာဖြစ်လျက်ရှိပြီး ပထမပိုင်းတွင် ဒိုင်လူကြီးမာတင်အက်ကင်ဆန်နှင့် ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားခဲ့ပြီးနောက် ထိုင်ခုံ၌သာ ထိုင်နေရန် သတိပေးခံခဲ့ရသည်။

နည်းပြဖာဂူဆန် ဒဏ်ရာပြဿနာနှင့်ကြုံတွေ့နေရ

လန်ဒန် နိုဝင်ဘာ ၂၂

မန်ယူခံစစ်မှူး ဝက်စ်ဘရောင်းသည် ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသပြီးနောက် ဇန်နဝါရီလအထိ အနားယူရမည်ဖြစ်သည့်အတွက် မန်ယူနည်းပြ ဖာဂူဆန်အနေဖြင့် ဒဏ်ရာပြဿနာ ကြုံတွေ့နေရမှု ပိုမိုများလာသည်ဟု သတင်း၌ဖော်ပြသည်။

တတိယအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲများ တောင်ဥက္ကလာ ပဒေသာအားကစားရုံတွင်ကျင်းပ

အလဲထိုး၊ အကွဲထိုးပွဲများဖြင့် အကြိုဗိုလ်လုပွဲ တက်ကြ

သတင်းမှတ်စု - ဇင်လင်းထွန်း(ခနဲဖြူ)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့(က)အဆင့်ပြိုင်ပွဲနှင့် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။ စာမျက်နှာ ၈ ကော်လံ ၁ ■

သတ်မှတ်ရက်စေ့လျှင် ဖော်၍ တစ်ကောင်ချင်း၏ ကြီးထွားနှုန်းကို ဤသို့ စနစ်တကျ စစ်ဆေးရသည်။ (မြန်မာ့အလင်း)

တွံတေးတူးမြောင်းဝ တိုးမြစ်ပေါ်မှ လှောင်အိမ်စနစ် ငါးတန်မွေးမြူရေး

သတင်းမြင်ကွင်း - ထွန်းဇော်(စမ်းချောင်း)
ဓာတ်ပုံမှတ်တမ်း - မြင့်အောင်(အလုံ)
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၂

သတင်းအစရလျှင် လိုက်တတ်သော သတင်းသမားများပီပီ မိမိတို့ရောက်နေကြသော တွံတေးမြို့နယ် အုန်းပင်ချောင်းကျေးရွာရှိ နားနေကြသည့် နှစ်ထပ်တိုက်အိမ်တွင် တွံတေးမြို့နယ် ငါးမွေးမြူရေးအသင်း ဥက္ကဋ္ဌ ဦးစောမြင့်ဆွေက အမှတ်မထင်ပြောလိုက်သောစကားမှာ "တွံတေးမြို့နယ်တွင် ငါးတန်မွေးမြူရေးလုပ်ငန်းများ တွံတေးတူးမြောင်းဝ အဂကက်တန်းကျေးရွာအနီး တိုးမြစ်ပေါ်တွင် ထိုင်းနိုင်ငံမှ CP ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ အင်ပါယာစတား ကုမ္ပဏီတို့ပူးပေါင်း၍ Cage Culture လှောင်အိမ်ဖြင့် ငါးတန်မွေးမြူရေးစခန်းရှိနေသည်"ဟု ပြောလိုက်သဖြင့် ထိုနေရာသို့ သွားရောက်ကြည့်ရှုလေ့လာရေးသားရန် စိတ်ကူးပေါ်လာခဲ့သည်။ အခက်အခဲရှိလျှင် တုံ့မနေးကူညီတတ်သော ဦးစောအလက်ဇန္ဒားနှင့်ဇနီးတို့အား မိမိတို့ သွားကြည့်လိုကြောင်း ပြောပြအကူအညီတောင်းလိုက်ရာ ချက်ချင်းဆိုသလိုပင် အဆိုပါခရီး၌ အသုံးပြုရမည့် ရေပေါ်ရုပ်ပြေးရေယာဉ်ငယ်လေးအား စက်သုံးဆီဖြည့်တင်းစေခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကယ်လ်ဆီယမ်ဓာတ်ပြည့်ဝသော ဟင်းသီးဟင်းရွက်စားသုံးမှု နှလုံးနှင့် ဆီးချိုရောဂါ ဖြစ်ပွားမှုလျော့ကျစေနိုင်

ကယ်လ်ဆီယမ်ဓာတ် ကြွယ်ဝသော ဟင်းသီးဟင်းရွက်များ စားသုံးပြီး နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းပြုလုပ်သွားပါက နှလုံးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာသုတေသနပြုချက်၌ ဖော်ပြထားသည်။ စာမျက်နှာ ၈ ကော်လံ ၅ ●

စေတုတ္တရာမြို့နယ်မှ ပူးရွာရေလှောင်တမံနှင့် အနောက်ရိုးမနောက်ခံ ရွှေရောင်စပါးခင်းများ

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၂

လွန်ခဲ့သော အောက်တိုဘာလ ၁၆ ရက် နံနက်ခင်းက သာယာလှပါ၏။ မိုးရာသီဖြစ်သော်လည်း မြန်မာနိုင်ငံ မြေလတ်ဒေသဖြစ်သည့် မကွေး၊ မင်းဘူးဒေသတွင် မိုးရွာသွန်းမှုနည်းပါးသဖြင့် ခြောက်ခြောက်သွေ့သွေ့ဖြင့် ခရီးသွားလာနေရခြင်းဖြစ်သည်။ စာမျက်နှာ ၅ ကော်လံ ၄ ❐

စေတုတ္တရာမြို့နယ် မုန်းချောင်းမှစီးဆင်းလာသောရေကို သစ်ခက်များ၊ ဝါးကပ်တွင်ကပ်၍ ရေလွှဲဆည်ပုံသဏ္ဌာန်ပြုလုပ်ကာ မြောင်းအတွင်း ရေများစီးဝင်နိုင်ရန် ဒေသခံ ကျေးရွာသားတို့၏ တီထွင်ကြံဆမှုဖြစ်သည့် သစ်ခက်ရေလွှဲဆည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း
အတွင်းသတင်း
ဆောင်းပါးအညွှန်း

သနပ်ပင်မြို့ရှိ ဘဲဥဖြန့်ဖြူးရေး လုပ်ငန်းများကို လေ့လာကြည့်ရာတွင် တစ်မြို့နယ်လုံး တက်ကြွစွာ မွေးမြူနေကြသလို မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့လည်း ဒေသထွက်ကုန်တစ်ရပ်အဖြစ် အဓိက ဖြန့်ဖြူးပေးလျက်ရှိ။

မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး စာ-၁၁